မိတ်ကူးချိုချိုစာနှင့်ပညာ


mgyoe.com

# ပါရဂူ ဓမ္မကထာ

mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com



ဆရာတော်ကြီး ၂၁ ပါးတို့၏ ထေရပွတ်ကို
စာရေးဆရာကြီးပါရဂူက
ဖွဲ့ဆိုရေးသားပူဇော်ထားသည့်
"ထေရဂာထာ"

pyg0025
2500.00 Ks

mgyoe.com

mgyoe.com

ထေရဂါထာ၊ ပါဠိ
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၂၁၀ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၈ ရတနာပုံစာအုပ်တိုက်၏ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ထေရဂါထာ
# ပါရဂူ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၅ ၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထေရကထာ နိဒါန်း | ၁ |
| ၂။ | ထေရကထာ | |
| | (၁) မောင်းထောင်ဆရာတော် | ၉ |
| | (၂) ဆရာတော် ဦးဖုမ် | ၁၉ |
| | (၃) ရွှေကျင်ဆရာတော် | ၃၁ |
| | (၄) သင်္ဂဇာဆရာတော် | ၄၁ |
| | (၅) အုတ်ဖိုဆရာတော် | ၅၁ |
| | (၆) ကျီးသဲလေးထပ်ဆရာတော် | ၆၁ |
| | (၇) သာသနာပိုင် နှစ်ထပ်ကွမ်း | ၇၁ |
| | (၈) ခင်ကြီးပျော်နှင့် ဘာသာဗေဒ | ၇၈ |
| | (၉) ဝိသုဒ္ဓါရုံဆရာတော် | ၈၇ |
| | (၁၀) နှုတ်ခမ်းမွေးဆရာတော် | ၉၆ |
| | (၁၁) ငှက်တွင်းဆရာတော် | ၁၀၇ |
| | (၁၂) လယ်တီဆရာတော် | ၁၁၅ |
| | (၁၃) မန်လည်ဆရာတော် | ၁၂၇ |
| | (၁၄) ဓမ္မတမန် | ၁၃၇ |
| | (၁၅) အဘယာရာမဆရာတော် | ၁၄၅ |


mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁၆) | တောင်သာ၊ ကျွန်းရွာဆရာတော်နှင့် ရှင်ပါရဂူ | ၁၅၇ |
| (၁၇) | အရှင်ဇနကာဘိဝံသ | ၁၆၂ |
| (၁၈) | မယ်ကင်း၏ရဟန်း | ၁၇၁ |
| (၁၉) | သူလိုရဟန်း | ၁၈၂ |
| (၂၀) | မြစ်ကွေ့ဆရာတော် | ၁၉၁ |
| (၂၁) | မုံရွေးဇေတဝန်ဆရာတော်နှင့် နိုင်ငံရေးပညာကျမ်း | ၂၀၁ |


✦✦✦

mgyoe.com

mgyoe.com

# ထေရကထာ နိဒါန်း

မြန်မာအတ္ထုပ္ပတ္တိစာပေ၌ အကြွယ်ဝဆုံး၊ အများဆုံးအတ္ထုပ္ပတ္တိမှာ ထေရုပ္ပတ္တိ ဖြစ်သည်။ အတ္ထုပ္ပတ္တိ အရဏ်ဦးကစပြီး ယခုခေတ်အထိ အများဆုံးရေးသားသော အတ္ထုပ္ပတ္တိအမျိုးအစားမှာ ထေရုပ္ပတ္တိဖြစ်သည်။

အတ္ထုပ္ပတ္တိရိုးရိုးကို 'ပရကထာ' ဟု အမည်ပေးထားသကဲ့သို့လည်းကောင်း၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိကို 'အတ္တကထာ' ဟုအမည်ပေးထားသကဲ့သို့လည်းကောင်း ထေရုပ္ပတ္တိကို 'ထေရကထာ' ဟုအမည်ပေးလိုသည်။ အမှန်က 'ထေရုပ္ပတ္တိ' နှင့် 'ထေရကထာ' သည်ဘောအဓိပ္ပာယ် အတူတူပင်ဖြစ်သည်။ 'ထေရုပ္ပတ္တိ' က အမည်ဟောင်းဖြစ်ပြီး 'ထေရကထာ' က မိမိပေးသော အမည်သစ်ဖြစ်သည်။

အတ္ထုပ္ပတ္တိရေးသားခြင်း၏ ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ကျော်စောမှုနှင့် ကြီးကျယ်မှုကို အသိအမှတ်ပြုရန်၊ လေးစားရန်ဖြစ်သည်။ ရဟန်းသံဃာတို့သည် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသအတိုင်းအတာအလျောက် လေးစားထိုက်သူများ၊ ကြီးကျယ်သူများဖြစ်ကြ၍ အကျော်အမော်ဆရာတော်၊ သံဃာတော်ကြီးများမှစ၍ ကျေးရွာကျောင်းထိုင် ပုဂ္ဂိုလ်များအထိ 'ထေရုပ္ပတ္တိ' သို့မဟုတ် 'ထေရ

mgyoe.com


ကထာ’ အရေးခံပုဂ္ဂိုလ်များ ဖြစ်နေကြသည်။ ထို့ကြောင့် မြန်မာ အတ္ထုပ္ပတ္တိစာပေ၌ အတ္ထုပ္ပတ္တိခေတ်ဦးက စလာခဲ့သော ‘ထေရုပ္ပတ္တိ’ သည် ယခုထက်တိုင် ရှင်သန်ကြီးထွားနေဆဲ၊ အရေအတွက်များနေဆဲ ဖြစ်သည်။

သို့ရာတွင် ရေးနည်းရေးဟန်ဘက်ကကြည့်လျှင်မူ အခြား အတ္ထုပ္ပတ္တိ အရေးအသားများ ပြောင်းလဲတိုးတက်လာသော်လည်း ‘ထေရုပ္ပတ္တိ’ အရေးအသားများမှာမူ ပြောင်းလဲတိုးတက်လာသည်ကို မတွေ့ရပေ။ ‘ထေရုပ္ပတ္တိ’ ကို ပါဠိဖြင့်လည်းရေးကြသည်။ ပါဠိ၊ မြန်မာ နှစ်ဘာသာရော၍လည်းရေးကြသည်။ နဘောကာရုံထပ် မြန်မာစကား ပြေဖြင့်လည်း ရေးကြသည်။ ‘ထေရုပ္ပတ္တိ’ ရှင်ပုဂ္ဂိုလ်၏ လူသားတစ်ဦး အနေဖြင့် တွေ့ကြုံဖြစ်ပျက်ခဲ့သော လောကီရေးအဖြစ်အပျက်များကို အရေးနည်းပြီး ‘ထေရုပ္ပတ္တိ’ ရှင်ပုဂ္ဂိုလ်၏ လောကုတ္တရာရေး ဂုဏ်ပုဒ် များကိုသာ အရေးများကြသည်။ အတ္တုပ္ပတ္တိရှင်ပုဂ္ဂိုလ်၏ ဂုဏ်ထူးဝိသေသ ကို ထုတ်ဖော်ချီးကျူးလိုသောဆန္ဒနှင့် သဒ္ဓါတရား လွှမ်းကဲနေသည် ဖြစ်၍ အချို့ ‘ထေရုပ္ပတ္တိ’ ၌ သဘာဝနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဘုန်းတန်ခိုးများအကြောင်းကိုပင် ဒဏ္ဍာရီဆန်ဆန် ရေးသားထားကြ သည်။ လူ့ဘဝ၌ အဆိုးနှင့်အကောင်းဟူ၍ ဆန့်ကျင်ဘက်နှစ်ခုရှိမြဲဖြစ် ရာ အတ္တုပ္ပတ္တိများ၌ အဆိုးကို မြှုပ်ကွယ်ထားပြီး အကောင်းကိုသာ ဖော်ထုတ်လေ့ရှိကြသည်။ အချို့‘ထေရုပ္ပတ္တိ’ တွင် အတ္တုပ္ပတ္တိအနှစ် သာရကနည်းပြီး ဘုန်းတော်ဘွဲ့က များနေသည်။ ထုတိသြဘာက လွှမ်းကဲနေသည်။

ယင်းသို့ ‘ထေရုပ္ပတ္တိ’ ရေးနည်းရေးဟန် ပြောင်းလဲတိုးတက်မှု မရှိခြင်းမှာ ‘ထေရုပ္ပတ္တိ’ ရေးသူ ရဟန်းတော်တို့သည် ခေတ်ပေါ်အရေး အသားကို မျက်နှာလွှဲထားကြသည့်အတွက်ကြောင့်လည်း ဖြစ်တန်ရာ

mgyoe.com

mgyoe.com


သည်။ သို့မဟုတ် 'ထေရုပ္ပတ္တိ' ရေးနည်းရေးဟန်ကို လောကီလူပုဂ္ဂိုလ်တို့၏ 'အတ္ထုပ္ပတ္တိ' ရေးနည်းရေးဟန်နှင့် မဆက်စပ်၊ မဆက်နွယ်လိုသည့်အတွက်ကြောင့်လည်း ဖြစ်တန်ရာသည်။

တိုးတက်ပြောင်းလဲမှုသို့ ရှေးရှုစီးဆင်းနေသော လောကီအတ္ထုပ္ပတ္တိစာပေရေစီးကြောင်းထဲ ထေရုပ္ပတ္တိစာပေ မျောပါမသွားအောင် ဆယ်ယူထားကြသည့်အတွက်ကြောင့်လည်း ဖြစ်နိုင်သည်။

'ထေရကထာ' ၏ အရုဏ်ဦးသည် ခုဒ္ဒကနိကာယ် ထေရာပါဒါန်နှင့် အခြားနိကာယ် ပါဠိကျမ်းဂန်များ၌ပါသော ဗုဒ္ဓ၏ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ရဟန္တာမထေရ်များ၏ အကြောင်း အတ္ထုပ္ပတ္တိများမှအစပြုသည်ဟု ဆိုနိုင်သည်။ ယင်းရဟန္တာမထေရ်များ၏အကြောင်းကို ပါဠိကျမ်းဂန်များ၌လည်းကောင်း၊ ပါဠိကျမ်းဂန်များမှယူ၍ ဘာသာစကားအသီးသီးဖြင့်လည်းကောင်း ကျယ်ပြန့်စွာ ရေးသားထားကြသည်။

မြန်မာနိုင်ငံ၌ 'ထေရုပ္ပတ္တိ' သို့မဟုတ် 'ထေရကထာ' ၏အစသည် ပုဂံခေတ်ဖြစ်သည်ဟု ဆိုနိုင်သည်။ အခြားအတ္ထုပ္ပတ္တိများ၏အစနှင့်ပတ်သက်ပြီး ကျောက်စာကိုပင် လက်ညှိုးထိုးပြသကဲ့သို့ ထေရုပ္ပတ္တိနှင့်ပတ်သက်၍လည်း ကျောက်စာကိုပင်လက်ညှိုးထိုးရလိမ့်မည်။ ပုဂံသရဖာတံခါး အနောက်ဘက်ဂူ၌ ပါဠိဘာသာဖြင့် ရေးထိုးထားသောကျောက်စာသည် မဟာထေရ်တစ်ပါး၏ 'ထေရုပ္ပတ္တိ' ဖြစ်နေသည်။ ယင်းကျောက်စာ၌ ခရစ်နှစ် ၁၁၇၄ ခုနှစ်၊ နရပတိစည်သူလက်ထက် သဒ္ဒနီတိကျမ်းပြုဆရာ အဂ္ဂဝံသမထေရ်၏ ဆရာ့ဆရာဖြစ်သော မဟာအဂ္ဂပဏ္ဍိတ မထေရ်အကြောင်းကို ဖော်ပြထားသည်။ မဟာအဂ္ဂပဏ္ဍိတမထေရ်သည် သက်တော် ၃၇ နှစ်အရွယ်တွင် ဗုဒ္ဓဂယာ မဟာဗောဓိသို့ ကြွတော်မူကြောင်း၊ မဟာဗောဓိမှအပြန် လမ်းခရီးတစ်ဝက်၌

mgyoe.com

mgyoe.com


ပျံလွန်တော်မူသွားကြောင်း၊ ပျံလွန်တော်မူသည့်နှစ်မှာ သာသနာတော်နှစ် ၁၇၁၇ ခု ဖြစ်ကြောင်း၊ မထေရ်သင်္ဂြိုဟ်သည့်နေရာ၌ စေတီတည်ထားပြီး စေတီအတွင်း၌ မထေရ်၏ သပိတ်၊ သင်္ကန်းများ ဌာပနာထားကြောင်းများကို ထိုကျောက်စာ၌ ဖော်ပြထားသည်။

အချို့ဆရာတော်များ၏ 'ထေရုပ္ပတ္တိ' ကို ယင်းဆရာတော်များ၏ သင်္ချိုင်းဂူ၌လည်း ကျောက်စာရေးထိုးထားကြသည်။ ၁၇၆၆ ခုနှစ် ဆင်ဖြူရှင်လက်ထက်တွင် ထင်ပေါ်ကျော်ကြားသော သာသနာပိုင်ဆရာတော် ခင်ကြီးပျော်၏ အတ္ထုပ္ပတ္တိကို စစ်ကိုင်းရှိ ဆရာတော်၏ သင်္ချိုင်းဂူ၌ ကျောက်စာရေးထိုးထားသည်။ ၁၈၄၀ ခုနှစ်၌ မန္တလေးအရှေ့ပြင်တွင် သဲအင်းသာသနာပိုင် ဆရာတော်ကြီး၏ 'ထေရုပ္ပတ္တိ' ကို ကျောက်စာ ရေးထိုးထားသည်။ ၁၈၆၅ ခုနှစ်တွင် မန္တလေး၌ပင် သာသနာပိုင်ဆရာတော် ဦးညေယျ၏ အတ္ထုပ္ပတ္တိကို ကျောက်စာရေးထိုးထားသည်။

ဝံသဒီပနီ၊ သာသနာလင်္ကာရစာတမ်း စသော သာသနာဝင်ကျမ်း၌ ရေးသားပါရှိသည့် ဆရာတော်၊ သံဃာတော်များ၏ ထေရုပ္ပတ္တိများသည် မထေရ်တစ်ပါးပါး၏ သီးခြားထေရုပ္ပတ္တိစာပေများ၏ မြစ်ဖျားခံရာများပင် ဖြစ်သည်ဟု ဆိုရလိမ့်မည်။ ဝံသဒီပနီ၊ သာသနာလင်္ကာရစာတမ်း စသောသာသနာဝင်ကျမ်းများ၌ ပါရှိသည့် ထေရုပ္ပတ္တိများသည် နောက်ပိုင်းတွင် သီးခြားထေရုပ္ပတ္တိအဖြစ် ပေါ်ပေါက်လာကြသည်။

၁၈၅၂ ခုနှစ်တွင် မင်းလှသီဟသူ ရေးသားသော 'ဆရာတော်များ၏ ဦးရေစာရင်း' ခေါ် ဆရာတော် ၁၀၅ ပါး၏ ထေရုပ္ပတ္တိသည် ထေရုပ္ပတ္တိစာပေ၌ ရှေးကျသည့် ထေရုပ္ပတ္တိတစ်ခုဖြစ်သည်။ ယင်းထေရုပ္ပတ္တိသည် ရှင်မဟာသီလဝံသအစ ငွေးချို့ဆရာတော် အဆုံးရှိ

mgyoe.com

mgyoe.com


သော ဆရာတော် ၁၀၅ ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ရေးသားထား သော ထေရုပ္ပတ္တိပေါင်းချုပ်ဖြစ်သည်။ ဆရာတော် ၁၀၅ ပါးတို့၏ အကြောင်းကို တစ်စောင်တစ်ဖွဲ့တည်း၌ စုပြီးရေးသားခြင်းဖြစ်၍ အကြောင်းအရာ ထေရုပ္ပတ္တိများ ကျယ်ပြန့်စုံလင်ခြင်းမရှိဘဲ အကျဉ်းမျှ လောက်သာ ဖြစ်နေစေကာမူ ရေးနည်းရေးဟန်မှာ နဘောကာရံများဖြင့် ရှေးဆန်ဆန်အရေးအသားမျိုး မဟုတ်သည်ကို တွေ့ရသည်။

၁၈၈၀ ခုနှစ်တွင် မိုင်းခိုင်မြို့စား ဦးယံသည် ရှင်တေဇောသာရ နှင့် ရှင်အဂ္ဂသမာဓိ၊ ရှင်သီလဝံသတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ရေးသား သည်။ ယင်းထေရုပ္ပတ္တိသည်လည်း သာသနာဝင်ကျမ်းများမှ တစ်သီး တခြားဖြစ်လာသော ထေရုပ္ပတ္တိဖြစ်သည်။ ၁၉၀၆ ခုနှစ်၌ ကန်တော်မင် ကျောင်းဆရာတော်သည် ခင်ကြီးပျော်အတ္ထုပ္ပတ္တိကို ရေးသားသည်။ ယင်းထေရုပ္ပတ္တိသည် ပုံနှိပ်စာဖြင့်ရှိသော ထေရုပ္ပတ္တိထဲတွင် ရှေးအကျဆုံး ထေရုပ္ပတ္တိဖြစ်သည်။

၁၉၀၇ ခုနှစ်၌ 'အတ္ထုပ္ပတ္တိထူး' အမည်ဖြင့် အတ္ထုပ္ပတ္တိစာအုပ် တစ်အုပ် ရိုက်နှိပ်ထုတ်ဝေသည်။ ယင်းအတ္ထုပ္ပတ္တိသည်လည်း ပုံနှိပ်စာ နှင့်ရှိသော အတ္ထုပ္ပတ္တိများထဲတွင် အစောဆုံးဖြစ်သည်။ ယင်းအတ္ထုပ္ပတ္တိ ၌ ဘားမဲ့ဆရာတော်နှင့် အခြားပုဂ္ဂိုလ် ၁၁ ဦးတို့အကြောင်း ရေးသား ထားသည်။

ဟသ်ာတမြို့၊ သပြေပင်ဆရာတော် ရေးသားသော ဒွာရသာ သနာဝင် 'သာသနာဝံသ ဒီပနီကျမ်း' ၌ ဒွာရဂိုဏ်းဝင် အစဉ်အဆက် ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများကို ရေးသားထားသည်။ စစ်ကိုင်း ရွှေဟသ်ာဆရာတော်ကြီး ရေးသားပြုစုထားသော ရွှေကျင်နိကာယ သာသနာဝင်၌လည်း ရွှေကျင်ဂိုဏ်းဆိုင်ရာ ဆရာတော် အစဉ်အဆက် အကြောင်းကို ရေးသားထားသည်။

mgyoe.com

mgyoe.com


ထေရုပ္ပတ္တိစာပေနှင့်ပတ်သက်၍ ရေးသားမည်ဆိုလျှင် ဟင်္သာတမြို့၊ စတုတ္ထမြစ်ကွေ့ဆရာတော် ဦးပညာဝံသ၏အကြောင်းကို ချန်လှပ်ထားလျှင် ပြည့်စုံလုံလောက်မည် မဟုတ်ပေ။ မြစ်ကွေ့ဆရာတော်ကို မဟာနိဒါန်းရေးဆရာအဖြစ် အသိအမှတ်ပြုထားကြသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ပိဋကတ်ပုံနှိပ်တိုက်ကြီးများမှ ထုတ်ဝေသော ကျမ်းစာအစောင်စောင်၌ ဆရာတော်၏နိဒါန်းမပါလျှင် မပြည့်စုံဟူ၍ ထင်မှတ်ထားကြသည်ဖြစ်၍ အဓိကကျမ်းစာတိုင်းလိုလို၌ပင် ဆရာတော်၏နိဒါန်းကို ထည့်သွင်းဖော်ပြထားကြသည်။ ဆရာတော်သည် သူ၏နိဒါန်းများ၌ ကျမ်းပြုဆရာတော်များ၏ ထေရုပ္ပတ္တိများကို ခရေစေ့တွင်းကျ သုတေသနပြုလုပ်လျက် ရေးသားဖော်ပြထားသည်။ သာဓကအားဖြင့် ထုတ်ပြရမည်ဆိုလျှင် 'ဓိနတ္ထပကာသနီကျမ်း'၏ မဟာနိဒါန်း၌ ကျီးသဲလေးထပ်ဆရာတော်၏ထေရုပ္ပတ္တိကို ရှင်းလင်းဖော်ပြထားသည်။ ထိုနည်းအတိုင်းရေးသားထားသော မြစ်ကွေ့ဆရာတော်၏ထေရုပ္ပတ္တိများသည် နှစ်ဆယ်ကျော်၊ သုံးဆယ်လောက် ရှိပေလိမ့်မည်။

မြန်မာ့စွယ်စုံကျမ်းများ၌လည်း ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများအကြောင်းကို ရေးသားဖော်ပြထားသည်။ နောက်ပိုင်းတွင်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်များက မိမိတို့ ကိုးကွယ်ဆည်းကပ်သော ဆရာတော်ကြီးများအကြောင်း ရေးသားထုတ်ဝေထားကြသည်။

ဤ'ထေရကထာ' ၌ ပါသော ဆရာတော်များသည် ၁၉၇၀ ခုနှစ်များလောက်ကပင် 'ငွေတာရီ' နှင့် 'မြဝတီ' တွင် ထေရုပ္ပတ္တိအဖြစ်မေရာရှိခဲ့သော ဆရာတော်များဖြစ်သည်။ ယင်း 'ထေရုပ္ပတ္တိ'များ၏ ရေးနည်းရေးဟန်သည် ရှေးရိုးရေးနည်းရေးဟန်မှ လမ်းခွဲထွက်လာသော ရေးနည်းရေးဟန်ဖြစ်သည်။

သို့သော်လည်း ယင်းထေရုပ္ပတ္တိများသည် နှစ်ပေါင်းများစွာ

mgyoe.com

mgyoe.com


ဖိုင်တွဲထဲတွင် သန္နေတည်ခဲ့ကြပြီး ယခုအချိန်ကျမှ နေ့စဉ်လစဉ်၌ မိခင် 'ထေရကထာ' ၏ အမြွှာပူးညီနောင်များအဖြစ် မွေးဖွားပေါ်ပေါက်လာခြင်း ဖြစ်သည်။ ။

ပါရဂူ

(၅-၉-၂၀၀၇)

✦✦✦

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မောင်းထောင်ဆရာတော်

မိလိန္ဒမင်းကြီးသည် ဗုဒ္ဓအဘိဓမ္မာနှင့် စပ်လျဉ်းသည့် ပြဿနာအမျိုးမျိုးကို ရှင်နာဂသိန်အား မေးမြန်းလျှောက်ထားသည်။ ရှင်နာဂသိန်က မိလိန္ဒမင်းကြီး လျှောက်ထားသည့် ပြဿနာများကို ပြန်လည်ဖြေကြားသည်။ မိလိန္ဒမင်းကြီး၏ အမေးနှင့် ရှင်နာဂသိန်၏အဖြေသည် 'မိလိန္ဒပဉှာ' ဟူသောအမည်ဖြင့် ဗုဒ္ဓစာပေလောကတွင် ထင်ပေါ်ကျော်ကြား၏။ ဘိုးတော်မင်းတရားကြီးသည် ပြဿနာအမျိုးမျိုးကို မောင်းထောင်သာသနာပိုင် ဆရာတော်အား မေးမြန်းလျှောက်ထား၏။ မောင်းထောင်ဆရာတော်က ဘိုးတော်မင်းတရားကြီး၏ အမေးပုစ္ဆာများကို ပြန်လည်ဖြေကြားလေသည်။ ဘိုးတော်မင်းတရားကြီး၏ အမေးနှင့် မောင်းထောင်ဆရာတော်၏အဖြေသည် မြန်မာဂန္ထဝင်၌ 'အမေးတော်အဖြေ' အမည်ဖြင့်ထင်ပေါ်ကျော်ကြားသည်။

မောင်းထောင်ဆရာတော်သည် မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလုံမြို့ကျေး၊ မောင်းထောင်ရွာ၌ ဖွားမြင်သည်။ အဖမှာ နတ်ရှင်ယက္ခာဘွဲ့ခံ ဦးစံဦးဖြစ်ပြီး အမိမှာ ရှင်ခွေး ဖြစ်သည်။ ငယ်မည်မှာကား မောင်မြတ်နေ ဖြစ်၏။ အသက် ၁၃ နှစ်တွင် ရှင်သာမဏေပြုသည်။ သာမဏေဘွဲ့မည်ကား ရှင်ဉာဏ ဖြစ်၏။ ရဟန်းဘွဲ့မည်ကား ရှင်ဉာဏ

mgyoe.com

mgyoe.com


ဘိဝံသ ဖြစ်၏။ ရဟန်း ၃ ဝါရသည်အထိ စာပေကျမ်းဂန်များကို ဆရာ အသီးသီးထံမှ သင်ကြားလေ့လာပြီးလျှင် ရဟန်း ၃ ဝါကျော်သွားသော အခါ မောင်းထောင်ရွာ၌ စာပေပို့ချနေလေသည်။ ရဟန်း ၆ ဝါရသော အခါ နေတ္တိငွိကာသစ်ကို ရေးသားလေသည်။

မောင်းထောင်ရဟန်းငယ်၏ သတင်းကို ကြားသိရသည်ဖြစ်၍ ဘိုးတော်မင်းတရားကြီးသည် မောင်းထောင်ရဟန်းငယ်အား နေပြည်တော်သို့ ပင့်လေ၏။ ရဟန်းဝါ ၆ ဝါမျှသာရရှိသေးသော မောင်းထောင်ရဟန်းငယ်သည် ဘိုးတော်မင်းတရားကြီး၏ ပင့်ဖိတ်ချက်အရ ၁၁၄၃ ခုနှစ်တွင် နောက်ပါစာသင်ရဟန်း ၈၅ ပါးနှင့်တကွ မောင်းထောင်ရွာမှ ရတနာပူရ အင်းဝမြို့သို့ ကြွရောက်လာလေသည်။ ရတနာပူရ အင်းဝမြို့၊ မိုးထိကျောင်း အနောက်မြောက်တွင် ယာယီစာသင်တိုက် ဆောက်လုပ်ပြီးလျှင် မောင်းထောင်ရဟန်းငယ်အား လှူဒါန်းလေ၏။ 'ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇ ဂုရု' ဘွဲ့တံဆိပ်ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။

မောင်းထောင်ဆရာတော်သည် သက္ကတ၊ ဟိန္ဒီ၊ ဘင်္ဂါလီစသော ဘာသန္တရကို ကျွမ်းကျင်တတ်မြောက်သူဖြစ်၍ ရတနာပူရ အင်းဝမြို့သို့ ရောက်ရှိလာပြီးနောက် မကြာမီ ထူးခြားသည့်တာဝန်ကို ထမ်းရွက်ရလေ၏။ ထိုတာဝန်ကား အခြားမဟုတ်၊ ဘင်္ဂါလီ အရေးအသားဖြင့် ရှိနေသည့် ရာဇာဘိသေကကျမ်းကို ရာမကရိရှဏာ၊ သာမသုန္ဒရ၊ ပုံသျှိရာမ အစရှိသော ပုဏ္ဏားတို့နှင့်အတူ ဘာသာပြန်ဆိုရခြင်း ဖြစ်လေသည်။

၁၁၄၇ ခုနှစ်တွင် မောင်းထောင်ဆရာတော်သည် ဝင်္ဂတိုင်းနဝဒီပ၊ သီဟိုဠ်ကျွန်း သီဟဠဒီပတို့၌ ရှိသည့် လောကီရေး၊ လောကုတ္တရာရေးဆိုင်ရာ စာပေကျမ်းဂန်များကို ဆောင်ယူစေသင့်ကြောင်း ဘိုးတော်မင်းတရားကြီးအား စာဆက်သွင်းလေ၏။ ဘိုးတော်မင်းတရားကြီးက

mgyoe.com

ရာပြုတ်သီရိစ္စန္ဒရတ်၊ ဇယနာရမ်၊ ပုံသျှိရာမ် စသော ဗြာဟ္မဏမျိုး ပုဏ္ဏား တို့ကို သဘော်နှင့်စေလွှတ်ပြီးလျှင် မောင်းထောင်ဆရာတော် ညွှန်ကြား သည့် စာပေကျမ်းဂန်များကို ဆောင်ယူဆက်သစေလေသည်။ ယင်း စာပေကျမ်းဂန်များ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့်အခါ မောင်းထောင် ဆရာတော်က မြန်မာဘာသာသို့ ပြန်ဆိုခဲ့လေသည်။

ဘိုးတော်မင်းတရားကြီးလက်ထက်တွင် သာသနာ့ရေးရာကို စီမံခန့်ခွဲသည့် သာသနာပိုင် ဆရာတော်ကြီး ၄ ပါးရှိသည်။ မင်းအို ဆရာတော်၊ ဆုံတားဆရာတော်၊ မန်လည်ဆရာတော်၊ မင်းရွာဆရာ တော်တို့ ဖြစ်ကြသည်။ ယင်းသာသနာပိုင် ဆရာတော်ကြီး ၄ ပါး သာသနာကို အုပ်ချုပ်သည်မှာ ၁၁၄၆ ခုနှစ်အထိ ဖြစ်၏။ ထို့နောက် ရှိရင်းစွဲ ဆရာတော်ကြီးများနှင့်တကွ ဆရာတော်အသစ်များ ထပ်မံဖြည့် စွက်ပြီးလျှင် သာသနာပိုင်ဆရာတော် ၁၂ ပါးအထိ တိုးချဲ့ခန့်ထားလေ ၏။ ယင်း ၁၂ ပါးထဲတွင် မောင်းထောင်ဆရာတော်လေးလည်း တစ်ပါး အပါအဝင် ဖြစ်သည်။ မောင်းထောင်ဆရာတော် သာသနာပိုင်ဖြစ်သော အခါ သိက္ခာတော် ၈ ဝါမျှသာ ရှိသေးသည်။

သာသနာပိုင် ၁၂ ပါး ခန့်ထားသော်လည်း လူများပြီး ပွဲမစည် ဖြစ်နေ၏။ သာသနာနှင့်ပတ်သက်သည့် အမှုကိစ္စတို့ကို စီမံဆုံးဖြတ်ရာ၌ ဆန္ဒအမျိုးမျိုးဖြစ်နေသဖြင့် ခရီးမရောက်ပေ။ ထိုအချိန်၌ သာသနာတော် တွင် အတင်ဂိုဏ်းနှင့် အရုံဂိုဏ်းတို့ကလည်း တစ်ဖက်နှင့်တစ်ဖက် တင်းမာ နေလေသည်။ ထို့ကြောင့် ဘိုးတော်မင်းတရားကြီးသည် သာသနာရေး အတွက် စိတ်လက်မကြည်မသာ ဖြစ်နေ၏။ ထိုအတွင်း 'ပရံနဝါ မစုံသေး ၍၊ မောင်းထောင်ခွက်ကလေးနှင့် နို့ရည်ပေးပါ့မခွေးရယ်။ ဇွန်ပန်းကို ပန်ဆင်ရမှ၊ နို့ဝတော့မယ်။ နို့ချိုအေးကိုတဲ့ တိုက်ကျွေးဖွယ်၊ နို့မျက်ငယ် တို့ မာစေကြောင်း၊ ညွတ်ခဆုတောင်း' ဟူသော တဘောင်ပေါ်လာ

mgyoe.com

လေ၏။ ပြည်သူလူထုက တရားနို့ချိုကို သောက်စို့လိုသဖြင့် မင်းတရားကြီးအား အဂ္ဂါသား မောင်းထောင်ဆရာတော်ကို သာသနာပိုင် တင်မြှောက်ရန် ပန်ကြားခြင်းဖြစ်သည်ဟု တဘောင်၏အနက်အဓိပ္ပာယ်ကို ကောက်ချက်ချကြလေသည်။

ဘိုးတော်မင်းတရားကြီး ကိုယ်တိုင်ကလည်း ကြည်ညိုရင်းစွဲရှိသည့်အပြင် တဘောင်စနည်းကလည်း ပေါ်နေသဖြင့် မောင်းထောင်ဆရာတော်အား တစ်ပါတည်း သာသနာပိုင်အဖြစ် ခန့်အပ်တော်မူလိုက်လေသည်။ မောင်းထောင်ဆရာတော်အား သာသနာပိုင် ခန့်အပ်လိုက်သည့်အခါ အတင်ဂိုဏ်း၊ အရုံဂိုဏ်း နှစ်ဂိုဏ်းစလုံးကပင် လိုလားနှစ်သက်ကြလေသည်။ တစ်ပါးတည်းသာသနာပိုင် ဖြစ်ပြီးနောက် ၁၁၅၁ ခုနှစ်တွင် မောင်းထောင်ဆရာတော်အား အသောကာရာမ ရတနာဘုံကျော်တိုက်ကျောင်းကို ဘိုးတော်မင်းတရားကြီးကိုယ်တိုင် ရေစက်သွန်းချ၍ လှူဒါန်းသည့်အပြင် 'ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။ မောင်းထောင်ဆရာတော်သည် သာသနာပိုင်ဖြစ်သည့်နေ့၌ပင် သံဃာတော်များ၏ အလယ်ကျောင်းဦး ဘုရားရှေ့၌ အောက်ပါအဓိဋ္ဌာန်ကို ပြုစုတော်မူ၏။

"သာသနာရေး သာသနာမှုနှင့် စပ်သမျှကို ဆန္ဒာဒေါသာ၊ ဘယာမောဟာ အဂတိလေးပါး မလားဘဲ တရားရှိရာ ရွက်ဆောင်မည်။ အသက်ကိုသော်လည်း စွန့်မည်။ တရားကိုမစွန့်ပြီ။ သာသနာဒါယကာ တရားမင်းမြတ်က အမိန့်တော် အထူးပြန်သော်လည်း မှန်ရာကိုသာ လိုက်မည်။ တရားကိုစွန့်၍ မလိုက်ပြီ။ မနာခံသော် ခပ်မဆိတ်သာ နေမည်"

အထက်ပါအဓိဋ္ဌာန်မှာ ဆရာတော်၏ တရားမှုလိုလားမြတ်နိုးပုံ

mgyoe.com

mgyoe.com


ကို ဖော်ပြနေပေသည်။

မောင်းထောင်ဆရာတော်သည် သာသနာပိုင် ဖြစ်လာသော အခါ တကွဲတပြားစီဖြစ်နေသည့် သံဃာများအား တညီတညွတ်တည်း ဖြစ်အောင် စိမ်ဆောင်ရွက်လေ၏။ အတင်ဂိုဏ်း၊ အရုံဂိုဏ်း စသည်ဖြင့် ဝိဝါဒကွဲပြားနေသည့် ဂိုဏ်းဂဏစိတ် ပြင်းထန်နေသည့် သံဃာများသည် တစ်စုတည်း တစ်ပေါင်းတည်း ဖြစ်လာကြလေ၏။

သာသနာပိုင်ဖြစ်ပြီး ၈ နှစ်အကြာတွင် မောင်းထောင် ဆရာတော်သည် သုတ်သီလက္ခန် ဋီကာသစ်ကို ရေးသားစီရင်သည်။ သုတ်သီလက္ခန် အဋ္ဌကထာကို ပါဠိဘာသာဖြင့် အကျယ်တဝင့်ဋီကာ ဖွင့်၍ ရေးသားတော်မူခြင်း ဖြစ်လေသည်။

မောင်းထောင်ဆရာတော်အား ၁၁၅၂ ခုနှစ်တွင် မြောက်နန်းမ တော်ကောင်းမှုဖြစ်သည့် စံကျောင်းတော်ကို လှူဒါန်းသည့်အပြင် 'ဉာဏာ ဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇဂုရု' ဘွဲ့တံဆိပ်တော်ကိုလည်း ဆက်ကပ်လေသည်။ ၁၁၅၃ ခုနှစ်တွင် တောင်နန်းတော် ကောင်းမှုဖြစ် သည့် အောင်မြေဘုံကျော် ကျောင်းကို လှူဒါန်းသည်။ ယင်းသို့အားဖြင့် မောင်းထောင်ဆရာတော်သည် 'ရာဇဂုရု' ဘွဲ့တံဆိပ် ၄ ကြိမ်တိတိ ရရှိတော်မူလေ၏။

သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သာမဏေ ၆ ပါး နှင့် ဉပါသကာ တစ်ဦးတို့သည် အမရပူရမြို့သို့ ရောက်ရှိလာကြသည်။ ထိုသာမဏေ ၆ ပါးတို့ကို မောင်းထောင်ဆရာတော်က ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလေ၏။ ဥပါသကာကိုလည်း သာမဏေ ပြုပေးလေ၏။ ထို့နောက်တွင်လည်း သီဟိုဠ်ကျွန်းမှ ရောက်ရှိလာကြသည့် သာမဏေ များစွာတို့ကို ရဟန်းခံပေးပြီးလျှင် လူဒကာများကိုလည်း သာမဏေ ဝတ်ပေးလေသည်။

mgyoe.com

mgyoe.com


သီဟိုဠ်ကျွန်း၊ သီရိဝဓနမြို့၊ ရာဇာဓိရာဇာသီဟမင်းထံသို့လည်း သီဟိုဠ်သား ရဟန်းနှင့် သာမဏေများကို စေလွှတ်ပြီးလျှင် သာသနာပြု စေတော်မူသည်။ ထိုအချိန်၌ မောင်းထောင်ဆရာတော်ကို အကြောင်းပြု၍ သီဟိုဠ်ကျွန်း၌ သာသနာစည်ပင် ပြန့်ပွားခဲ့လေသည်။ သီဟိုဠ်ကျွန်း၌ ထင်ပေါ်ကျော်ကြားသော ရဟန်းသံဃာများ၏ ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် 'အမရပူရဂိုဏ်း' မှာ မောင်းထောင်ဆရာတော် လက်မွန်မဆွပထမဦးစွာ တည်ထောင်ခဲ့သည့် ဂိုဏ်းဖြစ်သည်ဟု အဆိုရှိပေသည်။

နှစ်ပေါင်း ၃၀ ကျော်မျှ ကြီးလေးသည့် သာသနာ့တာဝန်ကို ထမ်းရွက်ပြီးသည့်နောက် ၁၁၇၃–၇၄ ခုနှစ်အတွင်း မောင်းထောင်ဆရာတော်သည် သာသနာ့ဘောင်၌ မပျော်ပိုက်တော့သဖြင့် လူဝတ်လဲလိုက်လေ၏။ လူဝတ်လဲလိုက်သော်လည်း မောင်းထောင်ဆရာတော် လူထွက်အား ဘိုးတော်မင်းတရားကြီးက နန်းတော်မုခ်ဦး အရှေ့ဘက်၌ အိမ်တော်နှင့် ခမ်းနားထည်ဝါစွာထားပြီးလျှင် 'မဟာဓမ္မသင်္ကြံ' ဟူသောဘွဲ့အမည်ဖြင့် မင်းတိုင်ပင်အမတ်ကြီးအဖြစ် ခန့်ထားတော်မူ၏။ ချိပါရွာကိုလည်း အပိုင်စားပေးထားလေ၏။

ဘိုးတော်မင်းတရားကြီး နတ်ရွာစံပြီးနောက် ၁၁၈၁ ခုနှစ်တွင် မြေးတော်အိမ်ရှေ့မင်း နန်းတက်လေသည်။ ဘကြီးတော်ဟူ၍လည်းကောင်း၊ ဖန်နန်းရှင် ဟူ၍လည်းကောင်း အမည်တွင်သော ထိုမင်းလက်ထက်၌လည်း ဘွဲ့မည်၊ ရာထူးနေရာ၊ အဆောင်ရွက်၊ အစီးအနင်းဝန်စု၊ အရာဌာန စသည် မနိမ့်ကျစေဘဲ မဟာဓမ္မသင်္ကြံ အမတ်ကြီးအား ဗောင်းကတ္တီပါ၊ ရွှေသားဝတ်လုံ၊ ရွှေစလွယ် ၁၂ သွယ် ချီးမြှင့်တော်မူပြီး မင်းတိုင်ပင်အမတ်ကြီးအဖြစ် ခန့်မြဲခန့်ထားတော်မူလေ၏။

ဘကြီးတော်မင်းတရားကြီး အဘိသိက်ခံသောအခါ သင့်မြတ်မှန်ကန်သော အစီအရင်ဖြစ်စေရန်အတွက် မဟာဓမ္မရာဇသင်္ကြံ အမတ်

mgyoe.com

mgyoe.com


ကြီးသည် အဘိသေကကျမ်းစာ အစောင်စောင်တို့ကို ၃ နှစ်ကျော်မျှ ညှိနှိုင်းတိုက်ဆိုင်လျက် သင့်လျော်ရာ၊ ကောင်းနိုးရာကို ရွေးချယ်စိစစ်ပြီးလျှင် ဦးဆောင်ဦးရွက် ပြုလေ၏။

၁၁၉၁ ခုနှစ်၊ နယုန်လဆန်း ၁ ရက်နေ့မှစ၍ ရက်ရှည်လများအထိ မှန်နန်းတော်ဆောင်ဦး နန်းမစနု၌ သုတ်သင်ပြုစုသော မှန်နန်းရာဇဝင်တော်ကြီးကို ပြုစုကြသူ ပုဂ္ဂိုလ်ကြီး ၁၂ ဦး (သို့မဟုတ်) ၁၃ ဦးတွင်လည်း မဟာဓမ္မသင်္ကြံသည် ပါဝင်ဦးဆောင်ခဲ့လေသည်။

၁၁၉၂ ခုနှစ်တွင် 'သွားတော် ၄၀၊ စွယ်တော် ၄ ချောင်း' ဆိုသောစကားသည် တခြားစီဖြစ်သလော (သို့မဟုတ်) စွယ်တော် ၄ ချောင်းသည် သွားတော် ၄၀ တွင် အပါအဝင်ဖြစ်သလော ဟူ၍ ဘကြီးတော်မင်းတရားက ဆရာတော်ကြီးများအား မေးမြန်းလျှောက်ထားလေ၏။ အချို့ဆရာတော်များက တခြားစီဖြစ်၏ဟု ဖြေကြသည်။ အချို့ကလည်း စွယ်တော်သည် သွားတော်၌ ပါဝင်သည်ဟု ဖြေကြသည်။ ယင်းသို့ဆရာတော်များ ဝိဝါဒကွဲပြားနေကြသည်တွင် မင်းတိုင်ပင်အမတ်ကြီးမဟာဓမ္မသင်္ကြံအား ထိုပြဿနာနှင့် စပ်လျဉ်း၍ မေးမြန်းလေ၏။ အမတ်ကြီးက 'စွယ်တော်သည် သွားတော်၌ အပါအဝင်ဖြစ်၏' ဟူ၍ကျမ်းဂန်အကိုးအကားနှင့် အဆုံးအဖြတ်ပေးလေ၏။

မဟာဓမ္မသင်္ကြံအမတ်ကြီးသည် ပညာရှိပိပိ အများကို ဝန်ခံခဲ့ဖူး၏။ သာသနာပိုင်ဘဝက ရေးသားသော သရဏာဒိဝိနိစ္ဆယကျမ်း၌ အရိယသံဃာသာလျှင် သရဏဂုံထိုက်ပြီး ပုထုဇဉ်သံဃာသည် သရဏဂုံမထိုက်ကြောင်း ရေးသားခဲ့လေ၏။ လူဝတ်လဲပြီး မဟာဓမ္မသင်္ကြံ အမတ်ကြီး ဖြစ်လာသောအခါ သာသနာပိုင်ဘဝက ရေးသားခဲ့သည်ကို ပြင်ဆင်၍ ပုထုဇဉ်သံဃာလည်း သရဏဂုံထိုက်ကြောင်း ရေးသားလေသည်။ ယင်းအချက်သည် ပညာရှိပိပိ မိမိအမှားကို မိမိဝန်ခံခြင်းဖြစ်

mgyoe.com

သည်ဟု ပညာရှင်များက မှတ်ချက်ပြုကြလေသည်။

သက္ကရာဇ် ၁၁၉၄ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်နေ့တွင် အသက် ၇၉–၈၀ အရွယ်၌ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ သည် ရတနာပူရမြို့၌ ကွယ်လွန်သွားလေသည်။ အမတ်ကြီး၏ ရုပ်အလောင်းကို မှူးမတ်ကြီးတို့ကို သင်္ဂြိုဟ်သည့်ထုံးစံအတိုင်း ထီးဖြူ သံလျင်းများနှင့် ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်လေ၏။

ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော မောင်းထောင်သာသနာပိုင် ဆရာတော်သည် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း ကျွမ်းကျင်နိုင်နင်းသည်။ ဘာသန္တရ တတ်ကျွမ်းသည်။ ဗေဒင်နှင့် ဆေးပညာ နှံ့စပ်သည်။ နိုင်ငံခြားသာသနာပြုရေးကို ဦးဆောင်ခဲ့သည်။ သက္ကတဘာသာ ကျမ်းစာများကို အစောဆုံးနှင့် ဦးရေအများဆုံး ဘာသာပြန်ဆိုပြီးလျှင် မြန်မာစာပေ ဘဏ္ဍာတိုက်ကို ဖြည့်တင်းခဲ့သည်။ သို့သော် မောင်းထောင်ဆရာတော် ဘာသာပြန်သည့် ကျမ်းများကား ဗျာကရုဏ်းကျမ်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်းများသာ ဖြစ်ကြ၏။ မောင်းထောင်ဆရာတော်သည် စာပေနှင့်ပတ်သက်သည့် သက္ကတကျမ်းစာများကို ဘာသာပြန်ဆိုခဲ့သည်ကိုကား မတွေ့ရပေ။ မောင်းထောင်ဆရာတော်၏ သက္ကတဘာသာ ဗေဒင်ကျမ်း၊ ဆေးကျမ်း မြန်မာပြန်များကား နှောင်းခေတ်ဗေဒင်ပညာ၊ ဆေးပညာရှင်များအတွက် အထူးပင်ကျေးဇူးများလှပေ၏။

မောင်းထောင်ဆရာတော်၏ ပါဠိဘာသာနှင့် ပိဋကတ်ကျမ်းဂန် နှံ့စပ်ကျွမ်းကျင်ကြောင်းကို သူရေးသည့် နေတ္တိမဟာဋီကာနှင့် သီလက္ခန် ဋီကာသစ်တို့က ဖော်ပြနေပေသည်။ မြန်မာစကားပြေ အရေးအသား ညက်ညောပြေပြစ်ပုံကို သာမဏေကျော် လေးပါးဝတ္ထု၊ တေသကုဏာ

mgyoe.com

ဓာတ်ဝတ္ထု၊ ဓမ္မောပဒေသ၊ သာသနာလင်္ကာရစာတမ်း၊ ပရမတ္ထရတနာဝလိ၊ အမေးပုစ္ဆာဝိသဇ္ဇနာ၊ အမေးတော်အဖြေကျမ်းတို့၌ တွေ့မြင်ဖတ်ရှုနိုင်သည်။

မောင်းထောင်ဆရာတော်သည် ပါဠိဂါထာအဖွဲ့အနွဲ့ ဖွဲ့ဆိုရာ၌လည်း ပြောင်မြောက်လှပေသည်။ သူ ရေးသားဖွဲ့ဆိုထားသည့် ရွှေတိဂုံစေတီဘွဲ့ 'တိဂုမ္ဘစေတိယထောမနာ' ဟာတမ်းမှာ ပါဠိစာပေပညာရှင်တိုင်း မချီးကျူးဘဲမနေနိုင်သည့် အဖွဲ့အနွဲ့များ ဖြစ်လေ၏။ ရာဟုမောသံကိစ္စည်းသည် 'ပါဠိကဗျာ ရေစီးကြောင်း' အမည်ဖြင့် စာအုပ်တစ်အုပ်ရေးသားလေ၏။ ထိုစာအုပ်ထဲတွင် ထည့်သွင်းဖော်ပြရန်အတွက် မြန်မာနိုင်ငံမှ ပညာရှင်များ ရေးသားစပ်ဆိုသည့် ပါဠိကဗျာ အဖွဲ့အနွဲ့ထဲမှ လက်ရွေးစင်အချို့ကို သူ့ထံသို့တင်ပို့ပါရန် ရာဟုလာသံကိစ္စည်းက ၁၉၆၀ ခုနှစ်လောက်က ကျွန်ုပ်ထံသို့ အကြောင်းကြားဖူးရာ ကျွန်ုပ်သည် မောင်းထောင်ဆရာတော်၏ 'တိဂုမ္ဘစေတိယ ထောမနာ' ပါဠိကဗျာအဖွဲ့ကို ရာဟုလာသံကိစ္စည်းထံသို့ တင်ပို့ခဲ့ဖူးသည်။

မောင်းထောင်ဆရာတော်၏ မြန်မာပျို့လင်္ကာအရေးအသားကား အထူးပင်နည်းပါးလှပေ၏။ သူရေးသည့် မြန်မာကဗျာအဖွဲ့အနေနှင့်ကား 'တဲမောင်းလှံကစားရေး' ၃၇ ချင်းကိုသာလျှင် ရှားရှားပါးပါးတွေ့ရှိရပေ၏။

မောင်းထောင်ဆရာတော် ၃ ပါးရှိသည့်အနက် ယခုဆရာတော်ကား ပထမမောင်းထောင်ဆရာတော် ဖြစ်သည်။ မောင်းထောင်ဆရာတော်သည် ဂန္ထဝင် တွင်ကျန်ရစ်သည့် ကျမ်းပေါင်း ၅၀ ကျော်ကို ရေးသားပြုစုသွားခဲ့လေသည်။ ။

mgyoe.com

mgyoe.com

မှီငြမ်းပြုသည့် စာအုပ်များ

၁။ သုသောဓိတ ရာဇဝင် (ပဥ္စမတွဲ)၊

၂။ သာသနာလင်္ကာရစာတမ်း၊

၃။ နှောင်းဖြစ်စာတမ်း (မှော်ဘီ ဆရာသိန်း)၊

၄။ အမေးတော်အဖြေကျမ်း၏နိဒါန်း (ဦးဆန်းထွန်း)၊

၅။ မဇ္ဈိမပဒေသကျမ်း၏နိဒါန်း (ဦးဘသန်း)၊

၆။ မြန်မာ့စွယ်စုံကျမ်း။

✦✦✦

mgyoe.com

mgyoe.com

# ဆရာတော် ဦးဗုဓ်

သာသနာ့သမိုင်း၌ 'ဗုဒ်အစ၊ ဗုဒ်အလယ်၊ ဗုဒ်အဆုံး' ဟူ၍ ထိပ်ဆုံးပုဂ္ဂိုလ်သုံးဦးနှင့်ပတ်သက်သည့် ဆိုရိုးစကားတစ်ခုရှိလာခဲ့သည်။ အစတွင် ဗုဒ္ဓ၊ အလယ်တွင် ဗုဒ္ဓဃောသ၊ အဆုံးတွင် ဦးဗုဓ် ဟူ၍ သာသနာ၌ အကျော်ဆုံး၊ အတော်ဆုံးပုဂ္ဂိုလ်သုံးဦး ရှိသည်ဟု ဆိုလိုသည့် စကားဖြစ်သည်။ ထိုစကားသည် ဆရာတော်ဦးဗုဓ်၏ တပည့်အဆက်အနွယ် (သို့မဟုတ်) ဆရာတော်ကြီး ဦးဗုဓ်ကို ကြည်ညို ကိုင်းရှိုင်းသူများ တီထွင်ထားခဲ့သည့်စကား ဖြစ်တန်ရာသည်။ အကြောင်းမူကား ဆရာတော်ဦးဗုဓ်ကို အတိုင်းထက်အလွန် မြှင့်တင်ထားသော ကြောင့် ဖြစ်လေ၏။ မည်သို့ပင်ဖြစ်စေ ဆရာတော်ဦးဗုဓ်သည် ယင်းကဲ့သို့သော ဆိုရိုးစကားမျိုး ပေါ်ပေါက်လာလောက်အောင်ပင် ဂန္ထ ဓုရ ကျွမ်းကျင်နှံ့စပ်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်မှာကား ထင်မှားဖွယ်မရှိပေ။

ဆရာတော်ဦးဗုဓ်အကြောင်း ရေးသားထားသည့် စာများကို အတော်အတန် တွေ့ရသည်။ ထိုစာများအရ ဆရာတော်ဦးဗုဓ်သည် သာမန်ပုဂ္ဂိုလ်နှင့်မတူဘဲ အလွန်ထူးခြားသော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည် ကိုတွေ့ရ၏။ ဆရာတော်ဦးဗုဓ်သည် ထူးထူးခြားခြား တည်ကြည်

mgyoe.com

လေးနက်၏။ ထူးထူးခြားခြား သမာဓိရှိ၏။ ထူးထူးခြားခြား ပြတ်သား၏။ ထူးထူးခြားခြား သံယောဇဉ်ကင်းပြတ်၏။ ထူးထူးခြားခြား စာမွေ့၏။ ထူးထူးခြားခြား စာတတ်၏။

ဦးဗုဓ်သည် ဦးအိုနှင့် ဒေါ်မွေးတို့၏ သားဖြစ်သည်။ အလုံမြို့၊ ညောင်ကန်ရွာ၌ သက္ကရာဇ် ၁၁၄၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်သည်။ ယင်းသက္ကရာဇ်အနက် ခုနှစ်မှာ မင်းလှသီရိသီဟသူ ရေးသားသော 'ဆရာတော် ၁၀၅ ပါး' ၌ ရေးသားဖော်ပြထားသော ခုနှစ်ဖြစ်၏။ လ၊ ရက်၊ နေ့မှာ ခုဒ္ဒသိက္ခာနိဿယသစ်ကျမ်း၌ ဆရာတော်ကြီးကိုယ်တိုင် ထည့်သွင်းဖော်ပြထားသည့်အတိုင်း ဖြစ်၏။ ငယ်စဉ်က ကိုယ်တွင် အနာပေါက်သောကြောင့် ပုတ်ဟောင်နေသည်ကိုအစွဲပြု၍ မောင်ပုတ်ဟု အမည်မှည့်လေသည်။ ကြီးသောအခါ ဦးပုတ်၊ ဦးပုပ်၊ ဦးဗုဒ်၊ ဦးဗုဓ်၊ ဦးဘုတ် ဟူ၍အမျိုးမျိုးခေါ်ကြသည်။

မောင်ပုတ်သည် ဧကပုတ္တ တစ်ဦးတည်းသောသား ဖြစ်သည်။ ငယ်စဉ်ကပင် တည်ငြိမ်ကျေနပ်စွာ နေထိုင်လေ့ရှိသည်။ မောင်ပုတ်တို့၏အိမ်၌ ထမင်းစားပြီးသောအခါ မောင်ပုတ်နှင့် မိဘနှစ်ဦးတို့သည် တိုင်တစ်လုံးစီကိုမှီ၍ တိတ်ဆိတ်ငြိမ်သက်စွာ နေလေ့ရှိကြသည်။ ထို့ကြောင့် 'ကိုအို-မမွေး၊ သူတို့မွေး၊ ခေါ်ရေးတို့ ဦးပုပ်။ ဧကဂေဟာ၊ နေကြရာ၊ ဘယ်ခါထွေးမရှုပ်' ဟူ၍ ရှေးဆရာတို့ မိန့်ဆိုကြလေ၏။

အရွယ်ရောက်သောအခါ မိဘနှစ်ပါးတို့က မောင်ပုတ်အား ညောင်ကန်အနောက်ကျောင်း ဆရာတော်ဦးပြေထံ အပ်နှံ၍ ပညာသင်ကြားဆည်းပူးစေလေသည်။ မောင်ပုတ်သည် အသက်ဆယ့်သုံးနှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်လေသည်။ သာမဏေ မောင်ပုတ်၏ ဉာဏ်စွမ်းဉာဏ်စကိုသိ၍ ဆရာတော်ဦးပြေသည် မောင်ပုတ်အား ညောင်ကန်ဆရာတော် ဦးသာပုံ (မုနိန္ဒဝရ ပရမဓဇ မဟာဓမ္မရာဇဂုရု)

mgyoe.com

mgyoe.com


ထံတွင် ပရိယတ္တိ သင်ကြားအားထုတ်စေလေသည်။ အသက်စေ့သော အခါ သာမဏေ မောင်ပုတ်သည် ညောင်ကန်ဆရာတော် ဦးသာပုံကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံလေသည်။ ဆရာတော် ဦးသာပုံက မောင်ပုတ်အား 'ဇမ္ဗုဓဇ' ဟူ၍ ရဟန်းဘွဲ့မည် မှည့်ခေါ်လိုက်လေသည်။

အချိန်ကား ဘကြီးတော်မင်းတရားကြီး အမရပူရမြို့တော်မှ ရတနာပူရ အဝနေပြည်တော်သို့ ရွှေ့ပြောင်းစိုးစံတော်မူပြီးစ ဖြစ်လေသည်။ နေပြည်တော်၌ သာသနာရောင် ထွန်းပြောင်တောက်ပနေ၏။ သာသနာအဆောက်အဦများဖြစ်သည့် စေတီပုထိုးနှင့် ဘုရားတန်ဆောင်း၊ ဂူကျောင်းပြာသာဒ်တို့မှာ နေပြည်တော်၏ အဆင်တန်ဆာများဖြစ်နေကြ၏။ ဘကြီးတော်မင်းတရားကြီး၏ တောင်နန်းမတော်မိဖုရားကြီး မယ်နုသည် အင်းဝမြို့တော် အရှေ့မြောက်ထောင့် ထီးလှိုင်ရှင်ဘုရားအနီး၌ ကြီးကျယ်ခမ်းနားသည့် အုတ်ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်ပြီးလျှင် ညောင်ကန်ဆရာတော် ဦးပိုးအား လှူဒါန်းလေသည်။ 'အောင်မြေဘုံစံ' အမည်ရှိ ထိုအုတ်ကျောင်း၌ သီတင်းသုံး၍ မကြာခင်မှာပင် ဆရာတော် ဦးပိုးသည် ပျံလွန်တော်မူသွားလေသည်။ ထိုဘုန်းကြီးပျံ ဈာပနကို ဘုရင်နှင့်မိဖုရားနှစ်ပါးကိုယ်တိုင် ရွှေဝေါနှင့်ထွက်၍ သင်္ဂြိုဟ်တော်မူကြသည်။

ရေကန်သည် ကြာနှင့်ကင်းက မတင့်တယ်ပေ။ ထီးမရှိသည့် စေတီသည် အင်္ဂါမပြည့်စုံပေ။ အပွင့်မရှိသည့် ပန်းပင်သည် ရှင်လန်းနှစ်သိမ့်မှုကိုမပေးပေ။ ကျောင်းထိုင်ဘုန်းကြီး ကင်းမဲ့နေသော ကျောင်းတိုက်သည်လည်း အသရေမရှိပေ။ ထို့အပြင် ကျောင်းတိုက်မှာလည်း မိဖုရားခေါင်ကြီးကိုယ်တိုင် ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတိုက်ဖြစ်နေပြန်ရကား ကျောင်းထိုင်ဘုန်းကြီးမဲ့နေသည့် ထိုအောင်မြေဘုံစံအုတ်ကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်အသစ် တင်မြှောက်ရေး

mgyoe.com

mgyoe.com


အတွက် ဆရာတော်၊ သံဃာတော်များသည် ခေါင်းချင်းရိုက်နေကြလေ၏။ ပျံလွန်တော်မူသွားသော ညောင်ကန်ဆရာတော် ဦးပိုး၏ ခြေရာကိုနင်းနိုင်မည့် ဆရာတော်အသစ်ရရှိရေးမှာ မလွယ်ကူသဖြင့် ဦးနှောက်ခြောက်နေကြလေသည်။ ထိုအခိုက် အမတ်ကြီးဦးပေါ်ဦးသည် ဆရာတော်၊ သံဃာတော်များ တိုင်ပင်ဆွေးနွေးနေရာသို့ ရောက်ရှိလာလေသည်။ အမတ်ကြီးဦးပေါ်ဦးကား စပ်စုတတ်သူဖြစ်သည်။

"အရှင်ဘုရားများ ဘာတိုင်ပင်ဆွေးနွေးနေကြပါသလဲဘုရား"

ဆရာတော်၊ သံဃာတော်များသည် အမတ်ကြီးဦးပေါ်ဦးထံမှ အကြံဉာဏ်ရလိမ့်မည်ဟု မျှော်လင့်ကြဟန်တူသည်။ အမတ်ကြီးဦးပေါ်ဦးကို အကျိုးအကြောင်း ပြောပြလိုက်လေ၏။

အမတ်ကြီးဦးပေါ်ဦးက ပြဿနာ၏အဖြေကို ရှာပေးလိုက်လေသည်။

"စိုးရိမ်ကြောင့်ကြခြင်း ဖြစ်နေတော်မမူကြပါနှင့်ဘုရား ...၊ အရပ်ထဲမှာ တဘောင်ပေါ်နေပါတယ်။ 'မိုးကြီးချုပ်လို့ ဗုဒ်ကြီးမည်၊ ပူစည်တဲ့ဘုန်း၊ သာသနာ၊ ဝါယာမာ တစ်ဖန်ထုတ်ဖို့၊ ရွှေဗုဒ်မယ်ဆံထုံးမှာ၊ နားလှည့်ပါဦး' တဲ့။ အဲဒီတဘောင်အတိုင်း ဆရာတော်ကြီး ဦးဗုဒ်ကို ပင့်ကြရုံပါပဲဘုရား"

အမတ်ကြီး ဦးပေါ်ဦး၏စကားသည် မင်း၊ မိဖုရားနှစ်ပါး၏ နားသို့အထိ ပေါက်ကြားသွားလေ၏။ မင်း၊ မိဖုရားနှစ်ပါးကလည်း သဘောတူကြသည်။ သို့ဖြစ်၍ သုဓမ္မာဆရာတော် ၅ ပါးနှင့် မဟာဒါန်ဝန်ကိုလွှတ်၍ ညောင်ကန်ရွာ အနောက်ကျောင်းတိုက်၌ စာပေပို့ချနေသည့် ဆရာတော်ဦးဗုဒ်အား အပင့်ခိုင်းလေသည်။ ဆရာတော်ဦးဗုဒ် နေပြည်တော်သို့ကြွလာရာ အင်းဝမြို့တော်က ဆရာတော်၊ သံဃာတော်အချို့က စစ်ကိုင်းဘက်သို့ကူး၍ ကြိုဆိုကြလေ၏။ ဦးဗုဒ်နှင့်တွေ့သော

mgyoe.com

mgyoe.com


အခါ အင်းဝဆရာတော်များက "ဆရာတော် ရတနာပူရ အင်းဝနေပြည်တော်သို့ ရောက်လာပြီဖြစ်တဲ့အတွက် သာသနာတော်ကြီး စည်ပင်တိုးတက်လာတော့မှာမို့ တပည့်တော်တို့ ဝမ်းသာမဆုံးရှိနေကြပါတယ်" ဟု လျှောက်ထားကြလေသည်။ ထိုအခါဆရာတော်ဦးဖုန်က "ဒီမြို့ကို တပည့်တော်မရောက်ခင်က အရှင်ဘုရားတို့ အိပ်နေကြသလား" ဟု ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းလိုက်၏။ အင်းဝဆရာတော်များ ထပ်၍ မလျှောက်ဝံ့တော့ဘဲ ငြိမ်သက်သွားကြလေ၏။ နေပြည်တော်သို့ရောက်သောအခါ ဆရာတော်ဦးဖုန်အား အောင်မြေဘုံစံ အုတ်ကျောင်းကြီးကို လှူဒါန်းလိုက်လေသည်။

ဆရာတော်ဦးဖုန်အား သာသနာပိုင်တင်မြှောက်ရန် လျှောက်ထားကြည့်သောအခါ ဆရာတော်ဦးဖုန်က သာသနာပိုင်ရာထူးကို လက်မခံဘဲ "စလင်းမြို့က မောင်ချစ်လောက်ကို ခေါ်ပြီး သာသနာပိုင်ခန့်ပါ။ သူနဲ့တော်ပါတယ်" ဟုအမိန့်ရှိပြီး လူမည် မောင်ချစ်လောက်ခေါ် စလင်းဆရာတော်အား သာသနာပိုင်ခန့်စေခဲ့သည်ဟု အချို့က ဆိုကြသည်။ ဟသ်ာတမြစ်ကွေ့ဆရာတော် ဦးပညာဝံသကမူ ယင်းစကားမှာ ယုတ္တိမရှိ။ အကြောင်းမူကား စလင်းဆရာတော်သည် ဆရာတော်ဦးဖုန်ထက် သက်တော် ၂၄ နှစ်မျှ ကြီးသောကြောင့်ဖြစ်၏ဟု ဆိုထားလေသည်။

ဘကြီးတော်မင်းတရားသည် ဆရာတော်ဦးဖုန်အား အုတ်ကျောင်းတော်ကြီးကို လှူဒါန်းပြီးနောက် 'စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဟူသော ဒုတိယဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းလေသည်။ 'စက္ကိန္ဒာဘိဓဇ မဟာဓမ္မရာဇာဂုရု' ဟူသော ပထမဘွဲ့တံဆိပ်တော်ကိုမူ မဆွကပင်ရရှိထားပြီး ဖြစ်လေသည်။ ဦးပုတ်စာတမ်း၊ ဦးပေါ်ဦးလျှောက်ထုံး စသည်တို့၌ သဲအင်းသာသနာ

mgyoe.com

mgyoe.com


ပိုင် ဆရာတော်ကြီးက ပရိယတ္တိနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးပြီး ကျေနပ်မှ ဦးဖုမ်အား ဒုတိယတံဆိပ်တော်ကို ဆက်ကပ်သည်ဟု ဆိုထား သည်။ ဝုတ္တောဒယဆန်းနိဿယ၌ ဒုတိယတံဆိပ်တော် ပါရှိနေပြီဖြစ် သည်ကိုတွေ့ရ၍ ထိုအဆိုမှာလည်း စဉ်းစားစရာဖြစ်သည်ဟု ဟသ်ာတ မြစ်ကွေ့ဆရာတော် ဦးပညာဝံသက စိစစ်ထားလေသည်။

ပြည်ထဲရေးနှင့် နန်းတွင်းရေးမှာ တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ် ၏။ မဟာအောင်မြေဘုံစံအုတ်ကျောင်းဒါယိကာမဖြစ်သော မိဖုရား ခေါင်ကြီး နန်းမတော်မယ်နုသည် ၁၁၉၉ ခုနှစ်တွင် စည်းစိမ်တော်မှ လျှောကျပြီး ၁၂၀၂ ခုနှစ်တွင် ရေချ အကွပ်မျက်ခံသွားရလေသည်။ ရေမြင့်က ကြာတင့်သော်လည်း ရေကျသွားသောအခါ ကြာ၏အလှ ယုတ်လျော့သွားရသည်။ ကျောင်းဒါယိကာမကြီး၏ ခေတ်ကုန်သွား သောအခါ ကျောင်း၏အသရေလည်း ညှိုးမှိန်သွားဟန်တူ၏။ ရွှေဘို မင်းတရားကြီး၏ တောင်နန်းမိဖုရားကြီးက ပင့်သည်ဖြစ်၍ ဆရာတော် ဦးဖုမ်သည် ရတနာပူရအင်းဝမြို့ မဟာအောင်မြေဘုံစံ အုတ်ကျောင်း တော်ကြီးမှ အမရပူရမြို့တော် အရှေ့မြောက် မင်္ဂလာဘုံကျောင်းတိုက် သို့ ရွှေ့ပြောင်းသီတင်းသုံးတော်မူလေ၏။ ထိုမင်္ဂလာဘုံကျောင်းတိုက် မှာ ညောင်ကန်ဆရာတော်ကြီး ဦးကဝိန္ဒ စတင်သီတင်းသုံး နေထိုင်သွား သောကြောင့် ညောင်ကန်တိုက်ဟု တွင်နေလေ၏။ ထိုညောင်ကန် တိုက်၌ သီတင်းသုံးကြသောကြောင့် ဆရာတော်အများအပြားမှာ ညောင်ကန်ဆရာတော်ဟု အမည်တွင်နေကြသည်။ ထိုဆရာတော်များ အနက် ဆရာတော်ဦးဖုမ်လည်း တစ်ပါးအပါအဝင်ဖြစ်၏။ ထို့ကြောင့် သူ့ကိုလည်း ညောင်ကန်ဆရာတော်ဟု ခေါ်ကြလေသည်။ ဒုတိယ အုတ်ကျောင်းဆရာတော်ဟူ၍လည်းကောင်း၊ ညောင်ကန်ဆရာတော် ဟူ၍လည်းကောင်း အမည်တွင်သော ဆရာတော်ဦးဖုမ်သည် သက္ကရာဇ် ၁၂၀၄ ခုနှစ်၌ သက်တော် ၅၅ နှစ်အရွယ်တွင် မင်္ဂလာဘုံကျောင်းခေါ်

mgyoe.com

mgyoe.com


ညောင်ကန်တိုက်၌ ပျံလွန်တော်မူသွားလေသည်။ ဆရာတော်ဦးဖုဓ်၏ အရိုးများကို မိဖုရားခေါင်ကြီးက အမရပူရမြို့တော် မြောက်ပြင်သချိုင်း ယခုအခါ မန္တလေးမြို့၊ ရသာတန်းရတနာဘုမ္မိအရပ်အလယ်၌ ကောင်းမှုတော်စေတီပုံ တည်ထားကိုးကွယ်လေသည်။

ဆရာတော်ဦးဖုဓ်၏ဘဝနှင့်ပတ်သက်သော အဖြစ်အပျက်တော်တော်များများမှာ ပြောစမှတ်တွင်ကျန်နေလေသည်။ ဆရာတော်ဦးဖုဓ်သည် သမာဓိရှိ၏။ စာကြည့်၊ စာရေး အလွန်ဝါသနာပါ၏။ စာကြည့်နေသည့်အချိန်တွင် ဘယ်ကိုမျှ အာရုံမရောက်တော့။ တစ်ခါက ဦးဖုဓ်သည် ကျောင်းတိုင်ကိုမှီ၍ စာကြည့်နေလေသည်။ ထိုအခိုက် ကျောင်းဦးပြာသာဒ်အတွင်းရှိ ပိဋကတ်များထားရာ စာတိုက်ပေါ်သို့ မိုးကြိုးပစ်ချလေ၏။ ဦးဖုဓ်ကား စာကြည့်မပျက်၊ မိုးကြိုးသည် ဦးဖုဓ်အား စာကြည့်ပျက်အောင် မစွမ်းနိုင်ခဲ့ပေ။

ညောင်ကန်ရွာကျောင်း၌ သီတင်းသုံးစဉ်က အဖြစ်အပျက်ဖြစ်သည်။ ဦးဖုဓ်၏ ခမည်းတော် ဒကာကြီးသည် တောင်သူတစ်ဦးဖြစ်သည့်အလျောက် ယာခင်းသို့နေ့စဉ်သွားရ၏။ ယာခင်းသို့သွားသောအခါ ဦးဖုဓ်၏ကျောင်းပရဝုဏ်အတွင်းမှ ဖြတ်သွားရ၏။ နေ့စဉ် အသွားတစ်ကြိမ်၊ အပြန်တစ်ကြိမ် ဖခင်ဒကာကြီးသည် ကျောင်းပေါ်သို့တက်၍ သားဘုန်းကြီးအား ဦး ၃ ကြိမ်ချလေသည်။ ဆရာတော်ဦးဖုဓ်ကမူ ဖခင်ဒကာကြီးအား တစ်ခါမျှ မေးလားမြန်းလား၊ ပြောလားဆိုလား လုပ်သည်ဟူ၍မရှိ။ စာကိုသာ ကြည့်မြဲကြည့်နေသည်။ ရေးမြဲရေးနေသည်။ တစ်နေ့တွင် ဒကာကြီးသည် ယာတောကအပြန် ကျောင်းပေါ်သို့ တက်လာရာ ကိုယ်မှာ ရွှံ့များပေကျံနေသဖြင့် မြင်နေကျကျောင်းခွေးများသည် မမှတ်မိတော့ဘဲ အတင်းဝိုင်းဟောင်ကြ၊ လိုက်ကြလေ၏။ ဦးဖုဓ်ကား စာရေးမပျက်။ ခွေးများကို ကိုယ်တိုင်လည်းမမောင်း၊ ကိုရင်

mgyoe.com

mgyoe.com


နှင့်ကျောင်းသားများကိုလည်း မမောင်းခိုင်းပေ။ ဒကာကြီးသည် ခွေးများကို တံပြာနှင့်ခြောက်၍ ကျောင်းပေါ်သို့ ဒရောသောပါး တက်လာရလေ၏။ ဦးဖုမ်၏ဖခင်ပီပီ စိတ်ထက်ပုံရသော ဒကာကြီးသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဦးဖုမ်၏ရှေ့သို့သွားပြီး ရှိသမျှဖွင့်ချလိုက်လေတော့၏။

"ဒီမှာကိုယ်တော်…၊ ကိုယ်တော်ဟာ ဒကာကြီးရဲ့သားဖြစ်ပေမဲ့ ဖခင်တို့အပေါ်ပြုအပ်တဲ့ တာဝန်ဝတ္တရားကို နည်းနည်းကလေးမှ ပြုဖော်မရဘူး။ ယာတောအသွားအပြန် တစ်နေ့ ၂ ကြိမ် ကျောင်းပေါ်တက်ပြီး ကိုယ်တော့်ကိုဝတ်ချပေမဲ့ 'သွားတော့မလား၊ ပြန်တော့မလား' လေးလောက်တောင်မှ မေးမြန်းဖော်မရဘူး။ အခုလည်း ကျောင်းက ခွေးတစ်အုပ် ဝိုင်းလိုက်နေတာ တွေ့ပါလျက်နဲ့ ကိုယ်တိုင်လည်း မမောင်းဘူး။ တပည့်များကိုလည်း မမောင်းခိုင်းဘူး။ ကိုယ်တော်ဟာ အတော်စိမ်းကားတာပဲ။ ဒါလောက်စိမ်းကားတဲ့ ကိုယ်တော်ကို ဒကာကြီးလည်း ဒီနေ့ကစပြီး အဖေမတော်တော့ဘူး။ ကိုယ်တော်သေလည်း ဒကာကြီးမလာဘူး၊ ဒကာကြီးသေလည်း ကိုယ်တော်မလာနဲ့ …"

ယင်းသို့ပြောဆိုလျက် ဆင်းသွားလေသည်။ ဆရာတော်ဦးဖုမ်ပျံလွန်တော်မူသောအခါ ဖခင်ဒကာကြီးမှာ အသက်ထင်ရှားရှိနေသေးသော်လည်း အရိုးမြေကျသည့်အထိ မလာရောက်ဟု သိရသည်။

ဆရာတော်ဦးဖုမ်သည် ပြောစရာရှိက မည်သူ့ကိုမျှမထောက်၊ မင်းကိုလိုက်၍ မင်းကြိုက်ပြောလေ့မရှိ၊ အမှန်ကိုသာ ပြတ်ပြတ်တောက်တောက် ပြောလေ့ရှိသည်။ တစ်ခါက ဘကြီးတော်မင်းတရားကြီးက "တပည့်တော်များကို ဆုံးမပါ" ဟုလျှောက်ထားရာ ဆရာတော်ဦးဖုမ်က "မင်းနဲ့တူအောင်ကျင့်က ငါတို့ဆုံးမဖို့ မလို …၊ မင်းနဲ့တူအောင်မကျင့်က ငါတို့နဲ့မဆိုင်၊ အဝိစိနဲ့သာဆိုင်တယ်" ဟု ပြတ်ပြတ်တောက်တောက်ပင် ပြန်လည်အမိန့်ရှိလိုက်လေ၏။

mgyoe.com

mgyoe.com


တစ်နေ့တွင်လည်း မိဖုရားကြီး နန်းမတော်မယ်နုက သမီးတော်ကလေးတစ်ပါးကို ကျောင်းတွင် လွှတ်ထားလေသည်။ သမီးတော်ကလေးက ကစားနေလေရာ ဦးဗုဓ်က "ဟဲ့ ... တချောက်ချောက်နဲ့ ဘာသံလဲဟဲ့" ဟု မေးလေ၏။ သံတော်ဆင့်များက သမီးတော်ကလေးဖြစ်ကြောင်း လျှောက်ထားကြသည်တွင် "သမီးတော်ကလည်း ကမြင်းလှချည်လား" ဟုအမိန့်ရှိလိုက်လေသည်။

ဘုရင်မင်းတရားကြီးသည် ဆရာတော်ဦးဗုဓ်ကို မှန်နန်းမဟာရာဇဝင်တော်ကြီး ပြုစုရန် နန်းတော်သို့ ပင့်ဖိတ်လေသည်။ ဦးဗုဓ်က မကြွပေ။ မုံရွေးဇေတဝန်ဆရာတော်ကို ပင့်သောအခါ မုံရွေး ဇေတဝန်ဆရာတော်က နန်းတော်သို့ကြွ၍ မှန်နန်းမဟာရာဇဝင်တော်ကြီးကို ပြုစုလေ၏။ တစ်ခါတစ်ရံ ကျောင်းသို့မပြန်ဘဲ နန်းတော်၌ပင် ကျိန်းစက်လေသည်။ ထိုသတင်း ဦးဗုဓ်ကြားသောအခါ "ရှေးက နန်းတော်၊ အိမ်တော်များမှာ သမားဖြူ၊ သမားညိုသာ ရှိတယ်။ အခုတော့ သမားဝါပါ ပေါ်နေပြီ" ဟုအမိန့်ရှိလေသည်။

ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည် စကားအရာတွင် ဘုရင်မင်းတရားကြီးကိုပင် အကျောပေးလေ့မရှိ၊ စောဒကမတက်ရပါက ကျေနပ်သူမဟုတ်ပေ။ ထို့ကြောင့်ပင် 'အမတ်ကြီးဦးပေါ်ဦးလျှောက်ထုံး' မှာ အိန္ဒိယပြည်ဘုရင် အက္ကဘားလက်ထက်က ပညာရှိအမတ်ကြီး 'ဝီရဗလလျှောက်ထုံး' နှင့် တစ်တန်းတည်းဖြစ်နေ၏။ စကားကြွယ်လှသော ထိုအမတ်ကြီး ဦးပေါ်ဦးပင်လျှင် ဆရာတော်ဦးဗုဓ်ကို အရှုံးပေးရလေသည်။

တစ်ခါက အမတ်ကြီး ဦးပေါ်ဦးသည် ဆရာတော်ဦးဗုဓ်၏ ကျောင်းသို့ရောက်သွား၏။ ထိုအခိုက် ဆရာတော်ဦးဗုဓ်က ကျောင်းဝင်းအတွင်း ရေကန်အနီး၌ တံမြက်စည်းလှည်းနေရာ ဦးပေါ်ဦးက "ရေကန်

mgyoe.com

mgyoe.com


က တော်တော်ကြီးတယ်နော် ဘုရား” ဟု အာလာပသလ္လာပ စကားအဖြစ် လျှောက်ထားလိုက်လေ၏။

“အင်း ... ဟုတ်တယ်”

ဆရာတော်ဦးဗုဓ်က ထိုမျှသာပြန်ပြောပြီး ခပ်မဆိတ်နေလေ၏။

“ရေကလည်း တော်တော်ကြည်တယ်နော် ဘုရား”

“အင်း ... ဟုတ်တယ်”

“ဒီရေကန်ကြီးက ဘယ်လောက်နက်ပါသလဲ”

“မသိဘူး”

“ဆရာတော်က ရေကန်နဲ့နီးနီးနေလို့ သိလိမ့်မယ်ထင်ပြီး လျှောက်ကြည့်တာပါ”

“နီးတိုင်းသာသိရရင် ဒကာကော ... ဒကာ့မေးက မှတ်ဆိတ်မွေး ဘယ်နှပင်ရှိတယ်ဆိုတာ သိသလား”

ဦးပေါ်ဦး အကြပ်ရိုက်သွား၏။ “တပည့်တော် မသိပါ”

“အဲဒီလို ရှိတော့မပ”

အမတ်ကြီးဦးပေါ်ဦးသည် အသာလက်လျှော့ပြီး ပြန်သွားရလေသည်။

ဆရာတော် ဦးဗုဓ်သည် သံယောဇဉ်ကင်းပြတ်သည့်နေရာဒ္ဒိ တစ်ဖက်စွန်းသို့ပင် ရောက်နေလေသည်။ ဆရာတော် ဦးဗုဓ် အင်းဝသို့ ရောက်၍ တစ်နှစ်ခန့်အကြာတွင် မယ်တော်ကြီး ဒေါ်မွေးရောက်လာကာ ဦးဗုဓ်ထံသွား၍ ကန်တော့လေ၏။ ဦးဗုဓ်က ရုတ်တရက် မေးမြန်း နှုတ်ဆက်ခြင်းမရှိဘဲ စာကြည့်နေလေရာ မယ်တော်ကြီးသည် ဝမ်းနည်းပြီး ငိုလေတော့သည်။ ထိုအခါကျမှ “ဒကာမကြီး ...၊ ဒီမှာလာပြီး

mgyoe.com

ဘာဖြစ်လို့ ငိုနေတာလဲ" ဟုမေးလေ၏။

"အရှင်ဘုရားကို ဖူးမြင်ချင်လွန်းလို့ အပင်ပန်းအဆင်းရဲခံပြီး လာခဲ့ရတာ၊ အရှင်ဘုရားက စကားလေးတောင် ပြောဖော်မရတော့ ဝမ်းနည်းပြီး ငိုတာပါ"

ဆရာတော်ဦးဖုမ်သည် ကပ္ပိယကိုခေါ်ပြီး "ဒီဒကာမကြီးဟာ ငါ့မယ်တော်၊ ခေါ်သွားပြီး သင့်တော်တဲ့နေရာမှာ ထားလိုက်စမ်း" ဟု အမိန့်ပေးလေ၏။

ဒေါ်မွေးသည် ညောင်ကန်ရွာသို့သွားပြီး သုံးနှစ်အကြာတွင် အင်းဝသို့ပြန်လာသည်။ မိဖုရားကြီးက ဒေါ်မွေးကို နန်းတော်ရှေ့ရပ်ကွက်၌ အိမ်ဆောက်ပေးပြီး ကျွေးမွေးချီးမြှောက်ထား၏။ ၂ နှစ်ခန့်ကြာသော အခါ ဒေါ်မွေးကွယ်လွန်သွားသဖြင့် ဆရာတော်ဦးဖုမ်အား လျှောက်သောအခါ "သေရင်လည်း သင်္ဂြိုဟ်လိုက်ကြတာပါ" ဟုအမိန့်ရှိလေ၏။ မိဖုရားကြီးက ဈာပနကို ခမ်းနားစွာစီမံစေပြီး ဆရာတော်ကြွလိုကြွငြား အုတ်ကျောင်းအနီးမှ မသာချသွားကြရန် အမိန့်ပေးသဖြင့် ဆရာတော် ကြားလောက်အောင် စည်သံ၊ မောင်းသံများတီးပြီး အလောင်းကို ကျောင်း အနီးလမ်းမှ ယူလာကြလေ၏။ ဆရာတော်ကား စာကြည့်မပျက်။ တပည့်ကြီးများက မနေသာတော့ဘဲ မယ်တော်၏အသုဘ ကျောင်းအနီး ရောက်လာပြီဖြစ်ကြောင်း လျှောက်ထားကြလေရာ ဆရာတော်က ပေစာကို တစ်ဖက်ကကိုင်ရင်း ပြတင်းပေါက်မှကြည့်လျက် "ဒကာမ ကြီးက တို့အရင်ကျသကိုး ...၊ သွားနှင့်ပေဦးတော့" ဟု လှမ်းပြောလိုက် လေ၏။

'စာတတ်နောက်ချုပ်၊ စင်ကြီးပုပ်၊ ပြုလုပ်ကျမ်းများစွာ' ဟုဆို သည့်အတိုင်း ဆရာတော်ဦးဖုမ်သည် ကျမ်းပေါင်းများစွာကို ရေးသား ပြုစုသွားခဲ့လေသည်။ ထိုကျမ်းများတွင် ပါဠိပိဋကတ်နိဿယများလည်း

mgyoe.com

mgyoe.com


ပါ၏။ ပါဠိသဒ္ဒါနှင့် ပတ်သက်သည့် ကျမ်းများလည်းပါ၏။ လောက နီတိ၊ ဓမ္မနီတိ၊ မဟာရဟာတီတိ စသော နီတိကျမ်းဂန် ဘာသာပြန် နိဿယများလည်း ပါ၏။ သီဟိုဠ်ရာဇဝင်ချုပ်ကဲ့သို့သော ရာဇဝင်ကျမ်း များလည်း ပါ၏။ ။

✦✦✦

mgyoe.com

mgyoe.com

# ရွှေကျင်ဆရာတော်

ရွှေဘိုဘုရင် နတ်ရွာစံ ကံတော်ကုန်ပြီးနောက် သားတော် ပုဂံမင်းသား ထီးနန်းစိုးစံနေသည့် အချိန်ကာလဖြစ်လေသည်။ တိုင်းရေးပြည်ရေးနှင့် နန်းတွင်းရေးမှာ အေးအေးငြိမ်ငြိမ်မရှိလှပေ။ နောင်တော်ပုဂံမင်းသည် မင်းလိုလိုက်၍ မင်းကြိုက်တင်လျှောက်လေ့ရှိသောမင်းမြှောင်ကပ်ပါး မှူးမတ်သေနာပတိများနှင့် မိဖုရားများ၏စကားကိုယုံစားလျက် ညီတော် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အပေါ်တွင် မျက်မာန်တော်မပြေဘဲ ရှိနေလေ၏။ ပြည်ထဲရေးနှင့် ပတ်သက်သော အမှုအခင်းတို့ကို ညီတော်နှစ်ပါးအား အမှုမထားဘဲ မိမိသဘောအတိုင်းသာ စီမံခန့်ခွဲနေလေ၏။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် နောင်တော်မင်းသားအပေါ်တွင် မကျေမနပ်ဖြစ်ပြီးလျှင် နောင်တော်ကိုဆန့်ကျင်ရန် ဆုံးဖြတ်လိုက်ကြလေ၏။

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလ၏ တစ်နေ့သောအချိန်သမယဖြစ်လေသည်။ သူပုန်မင်းသား ညီနောင်နှစ်ဦးတို့သည် နောင်တော်ပုဂံမင်းအား ပုန်ကန်ခြားနားပြီးလျှင် ဗိုလ်ပါအလုံးအရင်းနှင့်တကွရတနာသိခ ရွှေဘိုမြို့သို့ ချီတက်သွားလေ၏။ ယင်းသို့ ရွှေဘိုသို့ချီတက်

mgyoe.com

mgyoe.com

သွားစဉ် စစ်ကိုင်းမြို့၊ ရွာထောင်ရွာအနီး တောလမ်းခရီး၌ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် ရဟန်းတော်တစ်ပါးကို တွေ့ကြလေ၏။ ထိုရဟန်းတော်မှာ အမရပူရ၌ စာပေသင်ကြားတတ်မြောက်ပြီး မိမိ၏ဇာတိရပ်ရွာဖြစ်သည့် ရွှေဘိုမြို့နယ်၊ ရွှေကျင်ရွာသို့ ပြန်ကြွလာသည့် ရဟန်းတော် ဖြစ်လေသည်။ နေပြည်တော်တွင် မြင်တွေ့နေရသည့် သာသနာ့အရေးအခင်းနှင့် ရဟန်းသံဃာများ ပေါက်လွှတ်ပဲစား ဖြစ်နေပုံကို အားမရသောကြောင့် မိမိရပ်ရွာသို့ ပြန်ကြွလာခြင်း ဖြစ်လေသည်။ မင်းတုန်းမင်းသားသည် ရဟန်းသံဃာတော်များအား ကြည်ညိုရင်းစွဲရှိသည့်အလျောက် ကြည်ညိုဖွယ်အသွင်ဆောင်နေသည့် ထိုရဟန်းအားတွေ့လျှင်တွေ့ချင်း ဤသို့လျှောက်ထားလိုက်သည်။

"အရှင်ဘုရား ...၊ မည်သည့်ကိစ္စနဲ့ မည်သည့်အရပ်ကို ကြွမလို့ပါလဲဘုရား"

"ကျုပ် အမရပူရက စာသင်ပြီး ပြန်လာတယ်။ နေပြည်တော်မှာရှိနေတဲ့ သာသနာရေးအခြေအနေကို ကျေနပ်မှုမရှိတဲ့အတွက် ဆက်လက်ပြီး မနေချင်တော့တာနဲ့ နေရင်းဇာတိ ရွှေဘိုမြို့နယ်၊ ရွှေကျင်ရွာကို ပြန်လာတာ ဒကာ"

"အရှင်ဘုရား ...၊ နေပြည်တော်မှာ သာသနာရေးအခြေအနေ နိမ့်ကျဆုတ်ယုတ်နေတယ်ဆိုတာ မှန်ပါတယ်။ အခု တပည့်တော်တို့ ရွှေဘိုကိုသွားပြီး အောင်မြေနင်းမလို့ ...၊ တပည့်တော်တို့ရဲ့ အကြံအစည်ဟာ မုချအောင်မြင်ရမယ်။ တပည့်တော်တို့ အကြံအစည်အောင်မြင်ရင် အရှင်ဘုရားကို သာသနာပြုရအောင် နေပြည်တော်ကို ပင့်ပါမည်ဘုရား"

မင်းသားနှစ်ပါးသည် ရဟန်းတော်၏ အမည်၊ ရဟန်းဘွဲ့အမည်၊ နေရပ်တို့ကို မေးလျှောက်မှတ်သားပြီးလျှင် ရဟန်းနှင့်လမ်းခွဲပြီးလျှင် ရွှေဘိုမြို့သို့ ဆက်လက်ချီတက်သွားကြလေ၏။ ရွှေဘိုမြို့တွင်

mgyoe.com

အောင်မြေနင်းပြီးလျှင် စစ်ကိုင်း၊ အမရပူရတို့ကို ချီတက်တိုက်ခိုက်ရာ မင်းတုန်းမင်းသားသည် အမရပူရထီးနန်းကို သိမ်းပိုက်ရရှိသည်အထိ အောင်မြင်မှုရရှိခဲ့လေ၏။ ထို့နောက် သက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ရတနာပုံ မန္တလေးနေပြည်တော်ကို တည်ထောင်လေသည်။

မင်းတုန်းဘုရင်သည် မန္တလေးနေပြည်တော်သို့ ရွှေပြောင်းစံ နေတော်မူသောအခါ တစ်ခါက စစ်ကိုင်းမြို့၊ ရွာထောင်အနီး တောလမ်း ခရီး၌ တွေ့ဆုံဖူးသော ရဟန်းတော်၏ထံသို့ အမတ်များကိုစေလွှတ်၍ အပင့်ခိုင်းလေသည်။ ရဟန်းတော်သည် မြို့၌နေရမည်ကို ငြီးငွေ့၍ မင်းတုန်းဘုရင်၏ ပင့်လျှောက်ချက်ကို ငြင်းပယ်လိုက်လေ၏။ မင်းတုန်း ဘုရင်သည် ထိုရဟန်းတော်အား တမ်းတမ်းစွဲဖြစ်နေသည်ဖြစ်၍ ရဟန်း တော်၏ မယ်တော်နှင့် ခမည်းတော်ကို ရှေ့တော်သို့ခေါ်ပြီးလျှင် သားတော် ရဟန်းအား နေပြည်တော်သို့ ကြွအောင် ပင့်ဆောင်ပေးပါဟု စေခိုင်း လေ၏။ ဤတွင်မှ ထိုရဟန်းတော်သည် မန္တလေးနေပြည်တော်သို့ ကြွရောက်လာလေ၏။ မင်းတုန်းမင်းသည် မန္တလေးနေပြည်တော်၌ ရွှေကျင်ငါးတိုက်ဟူသော ကျောင်းတိုက်ကြီးကို ဆောက်လုပ်ပြီးလျှင် ထိုရဟန်းတော်အား လှူဒါန်းလေသည်။ ထိုရဟန်းတော်ကား မြန်မာ ပြည် သာသနာဝင်တွင် 'ရွှေကျင်ဂိုဏ်း' ဟူ၍ တသီးတခြား ထင်ပေါ် ကျော်ကြားလာမည့် ဂိုဏ်းကြီး၏ဂိုဏ်းချုပ်ဆရာတော် အရှင်ဇာဂရပင် ဖြစ်လေ၏။

ဗုဒ္ဓသာသနာသည် ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးသည့်နောက် အဘိဓမ္မာအယူအဆရေးရာကို အကြောင်းပြု၍လည်းကောင်း၊ ဝိနည်း ကျင့်ဝတ်ကိုအကြောင်းပြု၍လည်းကောင်း ဂိုဏ်းအမျိုးမျိုး ကွဲပြားသွား လေ၏။ အိန္ဒိယ၌ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း၊ ဟီနယာနဂိုဏ်း၊ မဟာယာနဂိုဏ်း စသည်ဖြင့် ကွဲပြားသွား၏။ သီဟိုဠ်ကျွန်း၌ မဟာ

mgyoe.com


ဝိဟာရဝါသီဂိုဏ်း၊ အဘယဂီရိဝါဒီဂိုဏ်း စသည်ဖြင့် ကွဲပြားသွား၏။ တရုတ်ပြည်၌ တိသာတ္တဂိုဏ်း၊ အဝတံသကဂိုဏ်း၊ သုခဝတီဂိုဏ်း စသည်ဖြင့် ကွဲပြားသွား၏။ ဂျပန်ပြည်၌ တုရှုဂိုဏ်း၊ နိချီရင်းဂိုဏ်း စသည်ဖြင့် ကွဲပြားသွား၏။ မြန်မာပြည်၌လည်း တုံဂိုဏ်း၊ ရုံဂိုဏ်း၊ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ငှက်တွင်း စသည်ဖြင့် ဂိုဏ်းအသီးသီး ဖြစ်လာလေသည်။ ယင်းဂိုဏ်းများအနက် ရွှေကျင်ဂိုဏ်းမှာ ရွှေကျင်ဆရာတော် အရှင်ဇာဂရကို အကြောင်းပြု၍ ပေါ်ပေါက်လာသည့် ဂိုဏ်းဖြစ်လေသည်။

ရွှေကျင်ဆရာတော်သည် မန္တလေးမြို့တော်တွင် သီတင်းသုံးနေခိုက် သုဓမ္မာသာသနာပိုင်ဆရာတော် ဦးဥေယျထံသို့ သုံးကြိမ်တိုင်တိုင် ကန်တော့ရန် ကြွတော်မူ၏။ သုံးကြိမ်လုံးပင် သာသနာပိုင်ဆရာတော်က ရွှေကျင်ဆရာတော်အား စကားတစ်လုံးမျှ မပြောပေ။ ရွှေကျင်ဆရာတော်သည် နောက်ထပ် သာသနာပိုင်ဆရာတော်ထံသို့ မကြွတော့ပေ။ ထို့နောက် ရွှေကျင်ဆရာတော်အား အမိန့်အာဏာဖြင့် ဆင့်ခေါ်လေ၏။ ဆင့်ခေါ်၍မရသောအခါ မဟာဒါန်ဝန်တို့နှင့် အကျပ်ကိုင်၍ အတင်းခေါ်မည်ပြုလုပ်ကြ၏။ ထိုအခါ ရွှေကျင်ဆရာတော်သည် စိတ်ပျက်ပြီး တောအရပ်သို့ ပြန်နေတော့မည်ဆိုသည့်အကြောင်းကို မင်းတုန်းမင်းတရားကြီးအား မှာကြားလိုက်လေသည်။ ဤတွင် မင်းတုန်းမင်းတရားကြီးက ရွှေကျင်ဆရာတော်အား တောအရပ်သို့ ပြန်မကြွရန် တောင်းပန်လျှောက်ထားပြီးလျှင် ရွှေကျင်ဆရာတော်အား သာသနာပိုင်ဆရာတော်နှင့် သုဓမ္မဆရာတော်အဖွဲ့က အဆင့်အခေါ်မလုပ်ရ ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်လေသည်။ ထိုအချိန်မှစ၍ ရွှေကျင်ဆရာတော်သည် သုဓမ္မာဂိုဏ်းမှ တစ်သီးတခြားဖြစ်သည့် ဂိုဏ်းတစ်ဂိုဏ်း၏ဆရာတော် ဖြစ်လာလေသည်။ ထိုဂိုဏ်းသည် ရွှေကျင်ဆရာတော်၏ အမည်ကိုအစွဲပြု၍ ရွှေကျင်ဂိုဏ်းဟူ၍ တွင်၏။

mgyoe.com

ရွှေကျင်ဆရာတော်သည် စန္ဒိမာဘိဝံသ သီရိသဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရု တံဆိပ်တော်ရ သီးလုံးဆရာတော်ကြီး၏ တပည့်ရင်းဖြစ်လေသည်။ သီးလုံးဆရာတော်၏ထံပါး၌ ပညာသင်ကြားဆည်းပူးသည့်အပြင် မန်ကျည်းကန်ဆရာတော်၊ မူးဝရွာထောင်ဆရာတော်၊ သဲအင်းဆရာတော် စသည်တို့၏အထံတွင်လည်း တဖည့်ခံဖူးလေသည်။ ရွှေကျင်ဆရာတော်သည် ဒွါရဂိုဏ်းချုပ် အုတ်ဖိုဆရာတော်နှင့်လည်း ပလဲနံပသင့်၏။ ခင်မင်ရင်းနှီး၏။ အုတ်ဖိုဆရာတော်ကြီး အထက်အညာတွင်ရှိစဉ်က အုတ်ဖိုဆရာတော်ကြီး၏ထံမှ နည်းနိသယ ခံယူတော်မူ၏ဟု အဆိုရှိသည်။ ရွှေကျင်ဂိုဏ်းချုပ်ဆရာတော်ကြီးနှင့် ဒွါရဂိုဏ်းချုပ်ဆရာတော်ကြီးနှစ်ပါးသည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ကြဟန်တူ၏။ သို့ရာတွင် ယင်းဆရာတော်ကြီးနှစ်ပါး၏ဘဝကို လေ့လာကြည့်သောအခါ သဘာဝချင်းမတူသည်ကို တွေ့ရ၏။ အုတ်ဖိုဆရာတော်ကြီး၏သဘာဝမှာ ထက်မြက်ပြီး ရွှေကျင်ဆရာတော်ကြီး၏သဘာဝမှာ ပြေပြစ်လေသည်။

ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်းကြီးလက်ထက်တွင်လည်းကောင်း၊ သီပေါဘုရင်လက်ထက်တွင်လည်းကောင်း သာသနာပြုလုပ်ငန်းကို အထူးတလည် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ မင်းတုန်းမင်းကြီး၏ လျှောက်ထားချက်အရ ၁၂၃၀ ပြည့်နှစ်လောက်၌ အလုံမြို့၊ ဒီပဲယင်းမြို့၊ ဗန့်ကျီမြို့၊ တလုပ်မြို့၊ ရတနာသီခမြို့၊ ကလေးမြို့စသည်တို့၌ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ အကြီးအကဲတို့ကို ခန့်အပ်ပြီးလျှင် ရွှေကျင်တိုက်မှနေ၍ သာသနာပြုလုပ်ငန်းကို ကွပ်ကဲတော်မူ၏။ သီပေါမင်းလက်ထက်တွင်လည်း သီပေါမင်း၏ လျှောက်ထားချက်အရ အထက်မြန်မာပြည်တစ်ခွင်၌ ၉ ဂိုဏ်း၊ ၉ ဌာနခွဲပြီးလျှင် တပည့်ရဟန်းသံဃာတော်များကို စေလွှတ်၍ သာသနာပြုတော်မူခဲ့၏။ ယင်းသို့ သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော်လည်း မင်းတုန်းမင်း

mgyoe.com

mgyoe.com


နှင့် သီပေါမင်းတို့ ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်များကိုမှု လက်ခံတော်မမူပေ။ ရွှေကျင်ဆရာတော်သည် မြန်မာမင်းများ ဆက်ကပ် လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ကို ငြင်းပယ်သည့် ရှားရှားပါးပါးဆရာ တော်များအနက် တစ်ပါးဖြစ်လေသည်။

ရွှေကျင်ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်ကို အထူးဂရုပြု၏။ မည်မျှဂရုပြုသည်ကို အောက်ပါအကြောင်းအရာက ဖော်ပြနေ၏။ ဆွေမျိုးဉာတိတော်စပ်သော ဒါယကာဖြစ်လျှင်သော်လည်းကောင်း၊ ဖိတ်ကြားလျှောက်ထားသော ဒါယကာဖြစ်လျှင်သော်လည်းကောင်း ယင်းကဲ့သို့သော ဒါယကာမျိုးထံမှ ရဟန်းတို့မည်သည် အလှူခံကောင်း ၏။ ဆွေမျိုးဉာတိမဟုတ်သူနှင့် ဖိတ်ကြားလျှောက်ထားခြင်းမရှိသော သူစိမ်းတစ်ရံဆံများထံမှမူ နှုတ်ဖြင့်ဖွင့်ဟ၍ အလှူမခံကောင်းပေ။ ရွှေကျင် ဆရာတော်သည် ပထမ သူ့မိခင်ထံမှသာ တစ်စုံတစ်ရာအလှူခံ၏။ ဖခင်ထံမှ အလှူမခံပေ။ တစ်ခါသော် အလှူခံခြင်းနှင့်ပတ်သက်သည့် ယင်းရဟန်းဝိနည်းကို ဖခင် ဒါယကာကြီးအား ရှင်းပြလေ၏။ ထိုအခါ ဖခင်ဖြစ်သူက 'သားဘုန်းကြီးသည် ငါ့ထံမှလည်း တစ်စုံတစ်ရာ အလှူ မခံ၊ အလှူခံခြင်းနှင့်ပတ်သက်သည့် ရဟန်းဝိနည်းအကြောင်းကိုလည်း ငါ့အားရှင်းပြသည်။ ဧကန္တ ငါ့သားဘုန်းကြီးသည် ငါ သူ့အဖေအစစ် ဟုတ်မှဟုတ်ရဲ့လားဟု သံသယရှိနေဟန်တူသည်' ဟုအကြံရပြီး သား ဘုန်းကြီးအား 'တပည့်တော်ဟာ အရှင်ဘုရား၏ ဖခင်အရင်းခေါက်ခေါက် ဖြစ်နေ၍ အရှင်ဘုရားကို အလှူခံဖို့ရန် ပန်ကြားလျှောက်ထားနေစရာ မလို၊ တပည့်တော် အရှင်ဘုရား၏ အဖေအရင်းခေါက်ခေါက် ဟုတ် မဟုတ်ဆိုတာကို အရှင်ဘုရား သံသယရှိနေသည်ဆိုလျှင် အရှင်ဘုရား ၏မိခင် ဒါယိကာမကြီးကိုသာ မေးမြန်းကြည့်ပေတော့' ဟုလျှောက် ထားရသောဟူ၏။ ရွှေကျင်ဆရာတော်သည် ဝိနည်းသိက္ခာပုဒ်ကို ဤမျှ အသေးစိတ်၍ လေးစားတော်မူပေ၏။ ရွှေကျင်ဆရာတော်ကြီးသည်

mgyoe.com

mgyoe.com


ရွှေကျင်ဂိုဏ်းဝင်သံဃာများ လိုက်နာကျင့်သုံးရန်အတွက် စည်းကမ်းဥပဒေများကို ရေးသားထားခဲ့လေ၏။ ယင်းစည်းကမ်းဥပဒေများကို ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီးအဖြစ်ဖြင့် ရွှေကျင်သာသနာဝင် အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့ကြလေသည်။ ယင်းစည်းကမ်းဥပဒေများထဲ၌ ဂိုဏ်းသံဃာများသည် အစဉ်မပြတ် တွေ့ဆုံစည်းဝေးကြရမည်ဟူ၍ အပရိဟာနိယတရားထဲမှ အချက်ကို စည်းကမ်းဥပဒေအဖြစ် အလေးအနက် သတ်မှတ်ညွှန်ကြားထားသည်ကို တွေ့ရလေသည်။

ရွှေကျင်ဆရာတော်ကြီးသည် မျက်နှာကြီး၊ မျက်နှာငယ် မလိုက်ပေ။ ပြည့်တန်ဆာ အမ္ဗပါလီ၏အိမ်သို့ ဆွမ်းစားကြွမည်ဟူ၍ ပေးထားသောကတိကို သာကီဝင်မင်းသားတို့၏ မျက်နှာကိုကြည့်လျက် ဖျက်မပစ်သည့် ဗုဒ္ဓထုံးကို နှလုံးမူတော်မူသည်။ တစ်နေ့ မင်းတုန်းမင်းကြီးသည် အမတ်တစ်ယောက်ကို စေလွှတ်၍ ရွှေကျင်ဆရာတော်ကြီးအား နန်းတော်သို့ ဆွမ်းအလှူခံကြွရောက်ရန် ပင့်လျှောက်စေ၏။ ကျောင်းသို့ ရောက်သွားသောအခါ အမတ်သည် ဆရာတော်ကြီး သင်္ကန်းရုံနေသည်ကိုတွေ့ရ၏။ ဒကာတော် ရေမြေ့ရှင်က ဆွမ်းအလှူခံပင့်ခိုင်းကြောင်းကို လျှောက်ထားလိုက်၏။ ဆရာတော်ကြီးသည် မည်သို့မျှ ပြန်လည်မမိန့်ကြားဘဲ သပိတ်လွယ်၍ ကျောင်းမှကြွသွားလေ၏။ အမတ်ကြီးသည် ဆရာတော်၏နောက်မှလိုက်၍ အခြေအနေကိုအကဲခတ်ကြည့်ရာ မန္တလေးတောင် မြောက်ဘက်ရှိ အဘိုးအိုနှင့်အမယ်အိုတို့၏တဲသို့ ဆွမ်းစားသွားကြောင်းကို သိရှိရလေသည်။ ဤတွင် အမတ်သည် ဆရာတော်ကြီးအား အကျိုးအကြောင်း ပြန်လည်သံတော်ဦးတင်လေ၏။ မင်းတရားကြီးကလည်း ဆရာတော်ကြီး၏ သိက္ခာသမာဓိကို သိရှိသွားသည်ဖြစ်၍ ကျေနပ်အားရခြင်း ဖြစ်တော်မူလေ၏။

ရွှေကျင်ဆရာတော်ကြီးသည် ပရိယတ္တိကိုသာလျှင်မက ပဋိပတ္တိ

mgyoe.com

mgyoe.com


ကိုလည်း အလေးအနက်ထားလေသည်။ ဘဝတစ်လျှောက်၌ တောရကျောင်းတွင် သီတင်းသုံးပြီး တရားဘာဝနာ ကျင့်ကြံအားထုတ်သည့် အကြိမ်ပေါင်းမှာ မနည်းပေ။ တရားကျင့်စဉ်နှင့် ပတ်သက်၍လည်း စာအုပ်စာတမ်းများကို ရေးသားထားလေသည်။

ဆရာတော်ကြီးသည် ဗုဒ္ဓစာပေကျမ်းဂန်အမျိုးမျိုးတို့မှ အထောက်အထားများစွာကို ထုတ်နုတ်လျက် ဂန္ထိရာ ဂမ္ဘီရနိဗ္ဗုတဒီပနီကျမ်း အမည်ဖြင့် နိဗ္ဗာန်အကြောင်း ကျမ်းတစ်စောင် ရေးသားထားလေ၏။ ထိုကျမ်း၌ နိဗ္ဗာန်သည် အနှစ်သာရမရှိသည့် ပညတ်မဟုတ်၊ အနှစ်သာရရှိသော ပရမတ္ထတရားဖြစ်၍ နိဗ္ဗာန်ကိုရရှိသော ပုဂ္ဂိုလ်သည် သန္တိသုခသဘောရှိသော နိဗ္ဗာန်ချမ်းသာကို ကိုယ်တွေ့ခံစားခွင့် ရှိရပေမည်ဟု နိဗ္ဗာန်အကြောင်းကို အကျယ်တဝင့် ရေးသားထားလေသည်။ ထိုကျမ်းကို ရေးသားရာ၌ ဆရာတော်ကြီးသည် ယခုခေတ်ကျမ်းပြုဆရာများကဲ့သို့ပင် အကိုးအကားပြုသည့် ကျမ်းဂန်များ၏စာရင်းကို ထည့်သွင်းဖော်ပြထားသည်။

မြန်မာသက္ကရာဇ် ၁၂၃၉ ခုနှစ်၌ ရွှေကျင်ဆရာတော်ကြီးသည် စွယ်တော်ဖူးမျှော်ရန် သီဟိုဠ်ကျွန်းသို့ ကြွတော်မူသည်။ သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံ ပြန်ကြွလာသောအခါ 'လင်္ကာသာသနဝိသုဒ္ဓိကထာ' စာအုပ်ကို သီဟိုဠ်ကျွန်းသံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာများကို ရည်ညွှန်း၍ ပါဠိဘာသာဖြင့် ရေးသားထားသည်။ ထိုစာအုပ်၌ ဆရာတော်ကြီးသည် သီဟိုဠ်ကျွန်း သာသနာရေးအခြေအနေကို တင်ပြဆွေးနွေးထားလေသည်။ စင်စစ် ယင်းစာအုပ်သည် ဆရာတော်ကြီး၏ ခရီးသွားမှတ်တမ်းဟုဆိုလျှင် မှားမည်မဟုတ်ပေ။ အကြောင်းမူကား ဆရာတော်ကြီးသည် ထိုစာအုပ်၌ သီဟိုဠ်ကျွန်းသို့ ကြွရောက်ရာ၌ ပင်လယ်အတွင်း မီးသင်္ဘောပေါ်၌ နှစ်ဆယ့်ငါးရက်တိုင်တိုင် ဆင်းရဲဒုက္ခအမျိုးမျိုး တွေ့ကြုံ

mgyoe.com

ရပုံ၊ လူမျိုးခြားသဘော်သားတို့ မဖွယ်မရာပြုခြင်းကို ခံရပုံတို့မှစ၍ သိပ်ပိုင်ဌကျွန်း ခရီးစဉ်အကြောင်းကိုပါ ထည့်သွင်းရေးသားထားသော ကြောင့် ဖြစ်လေသည်။

၁၂၄၅ ခုနှစ်လောက်၌ ဆရာတော်ကြီးသည် 'ဝိစိတြဝန္တနာ' အမည်ရှိကျမ်းကို ရေးသား၏။ ထိုကျမ်းမှာ ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်တို့ ကို ဆန်းဆန်းကြယ်ကြယ် ဖွဲ့နွဲ့ရေးသားထားသည့် ကျမ်းဖြစ်သည်။ ထိုကျမ်းကို ရန်ကုန်မြို့၊ ပါဠိကထိက အင်္ဂလိပ်လူမျိုး မစ္စတာ ဂျေဂရေး က အင်္ဂလိပ်ဘာသာပြန်ဆိုပြီးလျှင် ဥရောပတိုက်၌ ဖြန့်ချိခဲ့လေသည်။ မစ္စတာ ဂျေဂရေးသည် ပါဠိဘာသာဖြင့် ရေးသားထားသည့် ဆရာတော် ကြီး၏ကျမ်းစာများကို ဖတ်ရသောအခါ ဆရာတော်ကြီးကို အထူး ကြည်ညိုသွားပြီးလျှင် ဆရာတော်ကြီး၏အကြောင်းကို မေးမြန်းစုံစမ်း လေသည်။ ယင်းမေးမြန်းစုံစမ်းချက်များကို ပြန်လည်ဖြေကြားသည့် အနေဖြင့် မောင်းထောင်ဆရာတော်က ရွှေကျင်ဆရာတော်ကြီး၏ အတ္ထုပ္ပတ္တိကို ရေးသားဖူးလေသည်။

ရွှေကျင်ဆရာတော်ကြီးသည် အိန္ဒိယပြည်သူပြည်သားများအား ရည်ညွှန်း၍ ဣန္ဒြေယောဝါဒကထာအမည်ရှိ ကျမ်းတစ်ကျမ်းကိုလည်း ရေးသားလေသည်။ ယင်းကျမ်း၌ ကမ္မဝါဒနှင့် ထာဝရဘုရားအကြောင်း ကို သိပ္ပံနည်းကျကျ တင်ပြဆွေးနွေးထားလေသည်။ ယင်းကျမ်းများ အပြင် ဆရာတော်ကြီးသည် အခြားကျမ်းပေါင်း ၃၀ ကျော်ကိုလည်း ရေးသားသွားခဲ့လေသည်။

ပညာရှိ ယောမင်းကြီးဦးဘိုးလှိုင်သည် ရွှေကျင်ဆရာတော်အား စာပေပရိယတ္တိနှင့်ပတ်သက်၍ အလေးထားပုံရ၏။ သူရေးသားပြုစု သော သဒ္ဒသင်္ဂကျမ်းကို တည်းဖြတ်သုတ်သင်ရန် ရွှေကျင်ဆရာတော် ကြီးအား ပြသည်ဟု သိရှိရသည်။ ရွှေကျင်ဆရာတော်ကြီးသည် မြန်မာ

mgyoe.com

mgyoe.com


သက္ကရာဇ် ၁၁၈၄ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၂ ရက်နေ့တွင် ဦးမောင်နှင့် အမိ ဒေါ်မိတို့မှဖွားမြင်ပြီး ၁၂၅၅ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်နေ့တွင် ပျံလွန်တော်မူသွားလေသည်။ ဆရာတော်ကြီး တည်ထောင်သွားခဲ့သော ရွှေကျင်ဂိုဏ်းကြီးမှာ ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီးနောက် မြန်မာပြည်အနှံ့အပြားတွင် ဆက်လက်၍ တိုးတက်ပြန့်ပွားထွန်းကားနေလေသည်။ ရသေ့ကြီး ဦးခန္တီသည် မန္တလေးတောင် မြောက်ဘက်စောင်းတန်းအဆင်း လက်ဝဲဘက်ဂူအတွင်း၌ ရွှေကျင်ဆရာတော်ကြီး၏ ကြေးရုပ်ကို ထုလုပ်ကိုးကွယ်ထားလေသည်။

ကျွန်တော်၏ မွေးရပ်ဇာတိဖြစ်သော ဟင်္သာတခရိုင်၊ သနွံ့သနော့ရွာတွင် နှစ်ရှည်လများ ကျောင်းထိုင်ပြီး ၁၂၉၇ ခုနှစ်က ပျံလွန်တော်မူသွားသော သီလရှင်မယ်ကင်း ရဟန်းခံသည့် ဆရာတော်ကြီး ဦးဉာဏသည် ရွှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ ထိုဆရာတော်ကြီးသည် ကျွန်တော်တို့၏ ဘိုးအေဆရာတော် ဖြစ်လေ၏။ သို့ဖြစ်၍ ရွှေကျင်ဆရာတော်ကြီးအား ကျွန်တော်တို့၏ ဘိုးဘေးဆရာအဖြစ် ဆရာအစဉ်ဆက် ဆွေမျိုးစပ်နိုင်ပေ၏။ ။

✦✦✦

mgyoe.com

mgyoe.com

# သင်္ဂဇာဆရာတော်

ဗုဒ္ဓတရားကို တကယ်တမ်းကျင့်ကြံလိုက်နာလိုသူသည် သာသနာ့ဘောင်အတွင်း ဝင်ရောက်ရမည်။ လူ့လောကီ အိမ်ထောင်သည်ဘဝဖြင့် ဗုဒ္ဓတရားကို လိုက်နာကျင့်ကြံအားထုတ်၍ မဖြစ်။ ယင်းသို့ အချို့ အမှတ်မှားနေကြသည်။ အမှန်စင်စစ် ထိုသို့မဟုတ်ပေ။ ဗုဒ္ဓတရားသည် လူ၏အဆင့်အလွှာ၊ အခြေအနေကို မည်သို့မျှ ခွဲခြားသတ်မှတ်ခြင်းမရှိ။ လူအားလုံး၊ သတ္တဝါအားလုံးအတွက်ဖြစ်၏။ အိမ်ထောင်သည်ဘဝဖြင့်လည်း ဗုဒ္ဓတရားကို ဆုံးခန်းအထိ ကျင့်ကြံအားထုတ်နိုင်၏။ ဗုဒ္ဓသည် အိမ်ထောင်သည်ဘဝ၊ မိသားစုဘဝနှင့် လူ့ဘောင်အတွင်းမှ လူလူချင်း၏ ဆက်သွယ်ရေးကိုလည်း အသိအမှတ်ပြုတော်မူသည်။ လောကီလူ့ဘောင်အတွင်းမှ လူပုဂ္ဂိုလ်များ လိုက်နာကျင့်ကြံရန်အတွက် လူ့စည်းကမ်း၊ လူ့ဥပဒေများကို ဗုဒ္ဓသည် အများအပြား ဟောကြားထားတော်မူ၏။ သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ ဓမ္မိကသုတ်၊ ဗျဂ္ဃပဇ္ဇသုတ် စသည်တို့သည် လူ့ဝိနည်း၊ လူ့ကျင့်ဝတ်နှင့်စပ်လျဉ်း၍ ဗုဒ္ဓဟောကြားတော်မူခဲ့သော သုတ်များဖြစ်ကြ၏။ ယင်းသုတ်များအနက် သိင်္ဂါလောဝါဒသုတ်မှာ ထူးခြားသောသုတ် ဖြစ်လေ၏။

mgyoe.com

mgyoe.com


သိင်္ဂါလောဝါဒသုတ်ကို အဋ္ဌကထာဆရာရှင် မဟာဗုဒ္ဓဃောသကပင် ဂဟဋ္ဌဝိနယ (လူ့ဝိနည်း)ဟူ၍ အမည်ပေးထားခဲ့ပေသည်။ သိင်္ဂါလောဝါဒသုတ်ကား သားသမီး၏ကျင့်ဝတ်၊ မိဘ၏ကျင့်ဝတ်၊ တပည့်၏ ကျင့်ဝတ်၊ ဆရာ၏ကျင့်ဝတ်၊ လင်၏ကျင့်ဝတ်၊ မယား၏ကျင့်ဝတ်၊ မိတ်ဆွေ၏ကျင့်ဝတ်၊ သခင်၏ကျင့်ဝတ်၊ ကျွန်၏ကျင့်ဝတ်၊ ရဟန်း၏ကျင့်ဝတ်၊ ဒကာ၏ကျင့်ဝတ်တို့ကို ညွှန်ပြထားသော သုတ်ဖြစ်သည်။ ယင်းသုတ်ကို မြန်မာဘာသာဖြင့် အတိုဆုံး၊ အထိဆုံး၊ အရှင်းလင်းဆုံး၊ အပြတ်သားဆုံး၊ အလွယ်ကူဆုံး၊ ကျက်မှတ်ဖို့ရန် အဆင်အပြေဆုံး ဘာသာပြန်ဆိုရေးသားသော ပုဂ္ဂိုလ်ကား သင်္ဘောဆရာတော်ဖြစ်လေ၏။

သင်္ဘောဆရာတော်သည် ...

'ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမြှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ ...'

'မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ ...'

'ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ ...'

'အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ...'

'မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ ...'

mgyoe.com

mgyoe.com


'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြစ်နှံ့ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ'

စသည်ဖြင့် သိင်္ဂါလောဝါဒသုတ်ကို မြန်မာကဗျာလင်္ကာဖြင့် အမိပ္ပာယ် ရေးသားစပ်ဆိုခဲ့လေသည်။ ယင်းလင်္ကာအတိုကလေးသည် ထူထဲသော ကျမ်းကြီးကျမ်းခိုင်တစ်ခုထက်ပင် ပြည်သူလူထုကို အကျိုးပြုသည်ဟု ဆိုချင်သည်။ ကျမ်းတတ်အကျော် ရာဇဂုရု ရှေးခေတ်ဆရာတော်ကြီးတစ်ပါးက ဤမျှခေတ်မီသော၊ ဤမျှထိမိသော၊ ဤမျှစာသံပေသံနည်းပြီး လွယ်ကူသော စကားလုံးများ ရွေးချယ်သုံးထားသော လင်္ကာမျိုးကို ရေးသားဖွဲ့ဆိုသွားသည်မှာ မြန်မာစာပေအမြင်ဖြင့် ကြည့်ကြည့်၊ ဘာသာရေးအမြင်ဖြင့် ကြည့်ကြည့်၊ လူမှုရေးအမြင်ဖြင့် ကြည့်ကြည့် အံ့သြချီးကျူးထိုက်သော အချက်ပင်ဖြစ်လေ၏။ ယင်းသင်္ဂဇာဆရာတော်သည် အခြားခေတ်ပြိုင်ဆရာတော်ကြီးများလောက် ကျမ်းဂန်များကို အများအပြား ရေးသားပြုစုသွားခြင်း မရှိခဲ့ပေ။ သို့ရာတွင် ယင်းတိုတောင်းသော သိင်္ဂါလောဝါဒ ဆုံးမစာလင်္ကာကလေးကို ရေးသားဖွဲ့ဆိုသွားခြင်းအားဖြင့် ဝတ္တရားကောင်းကောင်း ကျေပွန်သွားပေသည်ဟု ဆိုချင်သည်။

သင်္ဂဇာဆရာတော်သည် စကားအပြောကောင်း၊ အဟောကောင်းဖြစ်သည်။ ဥပမာ ဥပမေယျတို့ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဟောတတ်၊ ပြောတတ်သောကြောင့် စကားအပြောအဆိုတွင် အထူးနာမည်ကျော်ကြားနေသူ ပုဂ္ဂိုလ်ဖြစ်၏။ သင်္ဂဇာစကားပုံပေါင်းချုပ်သည် ဆရာတော်ကြီး၏ စကားကြွယ်ဝပုံ၊ ဥပမာ ဥပမေယျနိုင်နင်းပုံကို ဖော်ပြနေပေသည်။ ဆရာတော်ကြီးသည် စကားပြောကောင်းသကဲ့သို့ပင် စာရေးလည်းကောင်းသည်ဟု ဆိုရပေမည်။ သင်္ဂဇာစကားပုံပေါင်းချုပ်သည်

mgyoe.com

mgyoe.com


ဆရာတော်ကြီး စကားတတ်ပုံကို ဖော်ပြနေသကဲ့သို့ သိင်္ဂါလောဝါဒ ဆုံးမစာလင်္ကာသည်လည်း ဆရာတော်ကြီး စာအရေးအသား နိုင်နင်းသည်ဆိုသောအချက်၏ လုံလောက်သော သက်သေသာဓက ဖြစ်လေ၏။ ဆရာတော်ကြီးသည် စာရေးသားရာ၌ လူထုနားလည်ရေးထက် ခမ်းကြီးနားကြီး ဟိတ်ကြီးဟန်ကြီး လုပ်နေခြင်းကို နှစ်မြို့ဟန်မတူ။ တစ်ခါသော် မော်လမြိုင်တွင် သီတင်းသုံးနေစဉ် ဆရာတော်ကြီးအား တရားဟောရန် တောင်းပန်လျှောက်ထားသည့် စာတမ်းတစ်ခုကို ဖတ်ကြားရာ စာတမ်းမှာ ထီးသံ၊ နန်းသံတွေ ပါနေသဖြင့် ထိုစာတမ်းကို ရှုတ်ချလျက် "စာရေးရာ၊ ကဗျာရေးရာတွင် ထီးနန်းဆန်တိုင်း ကောင်းသည်မဟုတ်" ဟူ၍ မိန့်တော်မူဖူးသည်။

သင်္ဂဇာဆရာတော် စကားပရိယာယ် လိမ္မာကြွယ်ဝပုံကား ဟိုးလေးတကျော်ဖြစ်၏။ ခေတ်ပြိုင်ဆရာတော်ကြီးများကပင် ဝန်ခံရ၏။ တစ်ခါတွင် ဗန်းမော်ဆရာတော်၊ မောင်းထောင်ဆရာတော်၊ သင်္ဂဇာဆရာတော်၊ စလင်းဆရာတော်တို့သည် တစ်နေရာ၌ ဆုံကြ၏။ ထိုအခါ သင်္ဂဇာဆရာတော်က ကျန်ဆရာတော်များအား ဤသို့ပြောကြား၏။ "တပည့်တော်ဟာ ဗန်းမော်ဆရာတော်ရဲ့ တပည့်ဖြစ်ခဲ့ဖူးတဲ့အတွက် ဗန်းမော်ဆရာတော် အရှေ့မှာနေတယ်လို့ကြားရင် အရှေ့ကိုဦးချပြီးမှ၊ အနောက်မှာနေတယ်လို့ကြားရင် အနောက်ကိုဦးချပြီးမှ၊ တောင်မှာနေတယ်လို့ကြားရင် တောင်ကိုဦးချပြီးမှ၊ မြောက်မှာနေတယ်လို့ကြားရင် မြောက်ကိုဦးချပြီးမှ အိပ်ပါတယ်။ တကယ်လို့ ဗန်းမော်ဆရာတော် ပျံလွန်တော်မူသွားရင် တပည့်တော် ပထဝီမြေကြီးကို ဦးချပြီးမှ အိပ်မယ်"

ဤတွင် စလင်းဆရာတော်ကြီးက ထင်မြင်ချက်ပေး၏။ "သင်္ဂဇာဆရာတော်ရဲ့စကားအရဆိုရင် ဗန်းမော်ဆရာတော် ပျံလွန်တော်မူရင် အဝိစိငရဲကျလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်နေပါကကောလား"

mgyoe.com

mgyoe.com


သင်္ဂဇာဆရာတော်က ပြန်လည်ဖြေ၏။ “ဒီလိုဆိုလိုရင်း မဟုတ်ပါဘူး။ ဆရာသမားရဲ့ ဂုဏ်ကျေးဇူးဟာ ပထဝီမြေကြီးတမျှ ကြီးမားတဲ့အတွက် ဆရာသမားရဲ့ ဂုဏ်ကျေးဇူးကို အာရုံပြုပြီး ပထဝီမြေကြီးကို ဦးချတဲ့သဘောပါ”

ဗန်းမော်ဆရာတော်။ “ပြောရင်းက အဲဒီအဓိပ္ပာယ်ကိုရည်ရွယ်ပြီး ပြောတာမဟုတ်ပါဘူး။ သင်္ဂဇာဆရာတော်ကတော့ မဟုတ်တာကို ကြံဖန်ပြီးပြောတဲ့နေရာမှာ ဘုရားသာ ထင်ရှားရှိရင် ဧတဒဂ် ရလောက်တယ်”

မောင်းထောင်ဆရာတော်။ “စကားတစ်ခွန်းတည်းနဲ့ အဓိပ္ပာယ်စွန်းနှစ်စထွက်အောင် ပြောတဲ့နေရာမှာတော့ အံ့သြဖွယ်ကောင်းလောက်အောင် ထူးချွန်တဲ့ပုဂ္ဂိုလ်ပေပဲ”

သင်္ဂဇာဆရာတော်။ “အဲဒီစကားပြောနည်းက ဗန်းမော်ဆရာတော်ဆီက လာတာပါ။ ဗန်းမော်ဆရာတော်ရဲ့ နည်းနိဿရည်းကို အတုခိုးလို့ တပည့်တော် အဲဒီလိုပြောတတ်တာပါ။ စစ်ကိုင်းထွတ်ခေါင်ချောင်မှာ ထွတ်ခေါင်ဆရာတော်နဲ့ ဗန်းမော်ဆရာတော်တို့ သီတင်းသုံးကြစဉ်က ထွတ်ခေါင်ဆရာတော်ကို သီလရှင်များဆွမ်းကပ်ပြီး နိစ္စပတ်ဝတ်ပြုနေတာကိုတွေ့ရတော့ ဗန်းမော်ဆရာတော်က ကျီစားလိုတာနဲ့ ‘စိပ်ပုတီးရယ်နှင့်၊ ရိပ်မှိုးတဲ့ထွတ်ခေါင်၊ ဦးရွှေညို သီလချောရယ်နဲ့၊ တောခိုသည့်ချောင် …’ လို့ ကျောင်းနံဘေးမှာ စာရေးကပ်ထားလိုက်တယ်။ အဲဒီစာကို ထွတ်ခေါင်ဆရာတော် တွေ့တဲ့အခါကျတော့ ဧကန္တမောင်ပဏ္ဍိရေးတာ ဖြစ်မှာပဲလို့တွေးပြီး ဗန်းမော်ဆရာတော်ကို ခေါ်မေးတော့ ဟုတ်မှန်ကြောင်း ဝန်ခံတာနဲ့ ထွတ်ခေါင်ဆရာတော်က သူ့ကို မဟုတ်တယုတ်ရေးရပါ့မလားဆိုပြီး ဗန်းမော်ဆရာတော်ကို ကြိမ်းမောင်းတယ်။ အဲဒီအခါမှာ ဗန်းမော်ဆရာတော်က ‘တပည့်တော် ပြောင်ချော်

mgyoe.com

mgyoe.com


ပြက်ချော်ရေးထားတာ မဟုတ်ပါဘူး။ သီလချောရယ်နှင့်ဆိုတာက အရှင်ဘုရားရဲ့ သီလတော်ဟာ ညစ်ကြေးကင်းစင်ပြီး ပြေပြစ်ချောမောတယ်လို့ဆိုလိုတာပါ' လို့ ထွက်ခေါင်ဆရာတော်ကို ပြန်လျှောက်တယ်။ အဲဒီတော့ ထွက်ခေါင်ဆရာတော်က 'မောင်ပဏ္ဍိ ...၊ မင်းဉာဏ်ရှိတိုင်း လျှောက်ပြောနေတာပါ။ ရေးရင်းက မင်းဒီလိုအဓိပ္ပာယ်ကို ရည်ရွယ်ပြီးရေးတာ မဟုတ်ပါဘူး' လို့ ပြောလိုက်တယ်"

သင်္ဃာဆရာတော်သည် စကားနှင့်ပတ်သက်လျှင် မည်သူ့ကိုမျှ အတင်အစီးမခံ၊ ပြန်လှန်ချေပစရာရှိက ဘုရင်ဧကရာဇ်ကိုပင် ထောက်ထားငဲ့ကွက်မနေပေ။ မင်းတုန်းမင်းကြီးသည် သင်္ဃာဆရာတော်အား အကြိမ်များစွာ မထိတထိစကားဖြင့် စကြည့်ဖူး၏။ သင်္ဃာဆရာတော်ကား တစ်ကြိမ်မျှအလွတ်မပေးဘဲ ဒတ်ခနဲ ပြန်လှန်ချေပခဲ့သည်ချည်းသာ ဖြစ်၏။ တစ်ခါ မင်းတုန်းမင်းကြီးသည် တံဆိပ်တော်ရ ဆရာတော်ကြီးများကိုပင့်၍ ဆွမ်းဘောဇဉ်များကို ကပ်ပြီးသောအခါ ပရိတ်အိုး၊ ပရိတ်ပန်းများကိုပြင်ပြီး ဆရာတော်ကြီးများအား ပရိတ်ချီးမြှင့်ရန် လျှောက်ထားသည်။ "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ် နှစ်ရာတစ်ဆယ့်ရှစ်နှစ်အကြာ သီရိဓမ္မာသောကမင်းကြီးလက်ထက် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ အမှူးရှိတဲ့ ရဟန္တာအရှင်မြတ်များ ပရိတ်တော်ရွတ်တဲ့အခါမှာ ပရိတ်အိုးပွက်တယ်လို့ သိရပါတယ်။ အခု ဆရာတော်ဘုရားများရဲ့ ပရိတ်အိုးကတော့ ငြိမ်ချက်သားကောင်းပါလား ဘုရား"

ထိုအခါ ဆရာတော်များက ပြုံးနေကြ၏။ သင်္ဃာဆရာတော်ကမူ မဆိုင်းမတွပင် ပြန်လှန်ချေပတော်မူလိုက်သည်။ "ဒကာတော်...၊ သီရိဓမ္မာသောကမင်းကြီးရဲ့အကြောင်းကို ကြားဖူးတယ်မဟုတ်လား။ အထက်ကောင်းကင် တစ်ယူဇနာ၊ အောက်ပထဝီမြေကြီးအတွင်း တစ်ယူဇနာ အာဏာတန်ခိုး လွှမ်းမိုးတယ်။ လူသားမဆိုထားနဲ့၊ နဂါးတောင်

mgyoe.com

mgyoe.com


ခြေတော်ရင်း ခစားစေလို့ အမိန့်ပေးလိုက်ရင် အရောက်လာရတယ်ဆို မဟုတ်လား။ ဆရာတော်တို့ဟာ သီရိဓမ္မာသောကမင်းကြီးရဲ့ ဆရာရှင် မဟာမောဂ္ဂလိပုတ္တတိဿတို့လို ရဟန္တာမဟုတ်တဲ့အတွက် ပရိတ်အိုး မပွက်သည်မှာ မထူးလှပါဘူး။ ဒကာတော်အနေနဲ့လည်း သီရိဓမ္မာ သောကမင်းကြီးလို နဂါးကိုခေါ်နိုင်ဖို့ဝေးစွ၊ ရေမြွေကိုတောင် လာအောင် မခေါ်နိုင်တဲ့အတွက် ပရိတ်အိုးမပွက်တာကို ဝမ်းနည်းပက်လက် ဖြစ်နေ စရာ မလိုပါဘူး"

သင်္ဂဇာဆရာတော်သည် ကံ–ဒွါရ ပဋိပက္ခတွင် ကံဘက်မှ ဦးဆောင်တိုက်သူတစ်ဦးဖြစ်၏။ သင်္ဂဇာစကားပုံကိုကြည့်လျှင် ဒွါရ ဝါဒီတို့အား တိုက်ခိုက်ထားသည့် အချက်အလက်ပေါင်းများစွာ ပါရှိ သည်ကို တွေ့ရ၏။ ဆရာတော်၏ 'ဥပသကောဝါဒ' စာတမ်းငယ်မှာ ကံဘက်မှနေ၍ ဒွါရဝါဒီတို့ကို ချေပထားသော စာအုပ်ဖြစ်၏။ အုတ်ဖို ဆရာတော်ကြီးက 'ဥပါသကောဝါဒဋီကာ' ကို ရေးပြန်သည်။ ယင်း 'ဥပါသကောဝါဒဋီကာ' ကို ဒွါရဂိုဏ်းဘက်မှ ဟင်္သာတမြို့၊ ဘုရားကြီး ဆရာတော်က 'ပသင်္ဂဝိသောဓနီ' စာတမ်း ရေး၍လည်းကောင်း၊ လက်ပံ တန်းမြို့၊ ဇောဓိဝန်ဆရာတော်က 'ဝါနရနိမတ္တုနီ' စာတမ်းကို ရေး၍ လည်းကောင်း ဆန့်ကျင်တိုက်ဖျက်ကြပြန်လေသည်။ ယင်းသို့အားဖြင့် ကံ–ဒွါရ ပဋိပက္ခသည် တစ်ချိန်က အတော်ပင် ပြင်းထန်ခဲ့ဖူးလေသည်။

သင်္ဂဇာဆရာတော်သည် သက္ကရာဇ် ၁၁၇၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၌ တလုပ်မြို့၊ ကျေးလက်ပေါက်ချောင်းရွာ၌ ဖွားမြင်သည်။ ငယ်မည်မှာ မောင်ပို ဟုခေါ်၏။ မောင်ပို လူလားမြောက် လာသောအခါ မောင်ပိုတို့မိသားစုသည် အမရပူရမြို့တော် မြောက်ဘက်၊ ပုစွန်ချောင်းရွာသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ အသက် ၁၃ နှစ်အရွယ် တွင် မောင်ပိုသည် အရှင်ကောဏ္ဍည၏အထံ၌ ရှင်သာမဏေဝတ်လျက်

mgyoe.com

mgyoe.com


စာပေသင်ကြားသည်။ ဘွဲ့အမည်ကား ရှင်အဂ္ဂဓမ္မတည်း။ ထို့နောက် သဲအင်းဆရာတော်ကြီး၏အထံ၌ ပညာသင်ကြားသည်။ ၁၁၉၇ ခုနှစ်တွင် ရဟန်းပြုသည်။ သလုံးဆရာတော်ကြီး၏ အထံ၌လည်း ဆက်လက်ပညာဆည်းပူးသည်။ ထို့နောက် မင်းတုန်းမင်းကြီးသည် အရှင်အဂ္ဂဓမ္မအား နေပြည်တော်သို့ပင့်၍ သင်္ဂဇာချောင်းထိပ်၌ သင်္ဂဇာကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းလေသည်။ အဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း လှူဒါန်းသည်။ ထိုအချိန်မှစ၍ သင်္ဂဇာဆရာတော်ဟု ခေါ်တွင်သည်။ မင်းတုန်းမင်းကြီးခန့်အပ်သည့် သုဓမ္မာအဖွဲ့ဝင် ဆရာတော်တစ်ပါးလည်း ဖြစ်လာလေသည်။ စိန်တုံးမိဖုရားကြီးကလည်း မန္တလေးအရှေ့မြောက်အရပ်တွင် ဝဇီရာမကျောင်းတိုက်ကြီးကို ဆောက်လုပ်၍ သင်္ဂဇာဆရာတော်ကြီးအား လှူဒါန်းလေသည်။

ရှေးဆရာတော်ကြီးများသည် တစ်ရွာ၊ တစ်ကျောင်းတည်းတွင် ကျောက်ချ၍ နေလေ့မရှိလှ။ တစ်ရွာမှ တစ်ရွာသို့၊ တစ်ကျောင်းမှ တစ်ကျောင်းသို့ ရွှေ့ပြောင်းနေထိုင်ပြီး သာသနာပြုတော်မူလေ့ရှိကြ၏။ သင်္ဂဇာဆရာတော်ကြီးလည်း သင်္ဂဇာတိုက်နှင့် ဝဇီရာမတိုက်ကို တပည့်များအား လွှဲအပ်ခဲ့ပြီးလျှင် မြန်မာပြည်အရပ်ရပ်သို့ ကြွရောက်သီတင်းသုံးတော်မူလေသည်။

ဆရာတော်ကြီး မော်လမြိုင်မြို့တွင် သီတင်းသုံးနေခိုက် ဖြစ်သည်။ နေပြည်တော်တွင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံကံတော်ကုန်ပြီး သားတော် သီပေါမင်း ထီးနန်းစိုးစံနေ၏။ သီပေါမင်းသည် ဝဇီရာမ ဆရာတော်အား နေပြည်တော်မှ နှစ်ပေါင်းများစွာ ခွဲခွာသွားခဲ့သော သင်္ဂဇာဆရာတော်ကို နေပြည်တော်သို့ ပြန်အပင့်ခိုင်းလေ၏။ သီပေါမင်းက ပင့်သည်ဖြစ်၍ သင်္ဂဇာဆရာတော်လည်း နေပြည်တော်သို့

mgyoe.com

mgyoe.com


ပြန်လည်ကြွရောက်လာလေသည်။ သင်္ဂဇာဆရာတော် မန္တလေးသို့ အလာတွင် သီပေါမင်း၏စီစဉ်ချက်အရ ဆရာတော်ကြီး ၃ ပါးနှင့် လွှတ်တော်စာရေးကြီး မင်းလှသီရိရာဇာ၊ သံတော်ဆင့်မင်းလှမင်းခေါင် ဇေယျာသူတို့က ရန်ကုန်မြို့သို့ လာရောက်ကြိုဆိုကြ၏။ နေပြည်တော် ရောက်လာသောအခါတွင်လည်း ဆရာတော်ကြီးသည် နေပြည်တော်၌ ၂ လမျှသာ သီတင်းသုံးပြီး တောင်ငူနယ်သို့ ကြွရောက်သွားတော်မူပြန်သည်။ ဆရာတော်ကြီးသည် အိန္ဒိယပြည်၊ ဗုဒ္ဓဂယာသို့လည်း ဘုရားဖူး ကြွသည်။ သီဟိုဠ်သို့ ကြွရန်လည်း ကြိုးစားသေး၏။ သို့ရာတွင် အကြောင်း မညီညွတ်သဖြင့် မကြွဖြစ်ပေ။

ကြည်ညိုလေးစားသူ ပေါများသော်လည်း သင်္ဂဇာဆရာတော် ကြီးသည် မလိုမုန်းထားသူနှင့်လည်း ရင်ဆိုင်ရလေသည်။ တစ်ခါတွင် ဟင်္သာတမြို့၌ တရားဟောကြားနေခိုက် မလိုသူတစ်ဦးက ဆရာတော် ကြီးအား သေနတ်နှင့်ပစ်သည်ဟု သိရလေသည်။ ကံကောင်းထောက်မ သည့်အားလျော်စွာ ထိုအချိန်က ဆရာတော်ကြီးကို သေနတ်ကျည်ဆန် မှန်မသွားပေ။ အကြမ်းဖက်သည့်စနစ်သည် ခေတ်တိုင်းမှာရှိနေ၏။ အလွန်နူးညံ့သိမ်မွေ့ပြီး အကြမ်းဖက်သည့်စနစ်နှင့် မိုးနှင့်မြေကြီးပမာ ကွာလှမ်းနေသည့် သူတော်စင်ပုဂ္ဂိုလ်မျိုးပင် အကြမ်းဖက်သည့်စနစ်နှင့် ဇာတ်သိမ်းသွားရတတ်လေသည်။ အကြမ်းဖက်သူ၏ဘေးက ဆရာတော် ကြီး လွတ်ကင်းသွားသည်မှာ အင်မတန်ကံကောင်းလှပေသည်။

သင်္ဂဇာဆရာတော်ကြီးသည် ၁၂၄၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်နေ့၌ သက်တော် ၇၂ နှစ်အရွယ်တွင် မော်လမြိုင်မြို့၊ ကျိုက် သလ္လာဘုရားတောင်ဘက် မန်ကျည်းတောကျောင်းတိုက်တွင် သီတင်း သုံးနေခိုက် ပျံလွန်တော်မူသွားလေသည်။ ဆရာတော်ကြီး၏ အဋ္ဌိပြွတ္တိ ကို မော်လမြိုင်မြို့၊ ကျိုက်သလ္လာဘုရားအနီး စေတီကြီးတွင် ကျောက်စာ ထွင်းထု မှတ်တမ်းတင်ထားလေသည်။

mgyoe.com

mgyoe.com


ဆရာတော်ကြီး ရေးသားပြုစုသွားခဲ့သော ကျမ်းစာများအနက် 'သိင်္ဂါလောဝါဒ အဆုံးမစာ' လင်္ကာနှင့် 'သင်္ချိုဇာစကားပုံ' တို့မှာ ထင်ရှား ကျော်ကြား၏။ သင်္ချိုဇာစကားပုံမှာ ဆရာတော်ကြီးကိုယ်တိုင် ရေးသား သွားသော ကျမ်းစာမူကား မဟုတ်ပေ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဆရာတော်မိန့်ကြားချက်များကို မှတ်တမ်းတင်ထားခြင်းသာ ဖြစ်လေ သည်။ သို့ဖြစ်၍ ထိုသင်္ချိုဇာစကားပုံပါ အချက်အလက်များသည် ဆရာ တော်၏ မိန့်ကြားချက်စစ်စစ်မည်၍ မည်မျှအထိဖြစ်၏ဟု သတ်မှတ် ခန့်မှန်းဖို့ရန်မှာ လွယ်မည်မထင်ပေ။ သင်္ချိုဇာစကားပုံ၌ ပါသောစကားပုံ များအနက် အချို့စကားပုံများမှာ ဥပမာနှင့် ဥပမေယျဟပ်မိပြီး ထိမိ သော၊ အဓိပ္ပာယ်လေးနက်သော စကားပုံများ ဖြစ်သော်လည်း အချို့ စကားပုံများမှာမူ ဥပမာနှင့် ဥပမေယျလည်း မဟပ်လှပေ။ ထိမိသော၊ အဓိပ္ပာယ်လေးနက်သော စကားပုံများလည်း မဟုတ်ကြပေ။ သင်္ချိုဇာ စကားပုံ၌ပါသည့် 'ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံ ခြေကန်ရှန်း၊ သွားရှော့ခေါင်းတုံး'၊ 'ရွှေချဉ်ပေါင်တုံးကာမှ မောင်ဘုန်းပြန်ခဲ့မယ်' စသော စကားများသည် ခေတ်စားတွင်ကျယ်သော စကားပုံများ ဖြစ် နေကြလေပြီ။ သို့ရာတွင် သင်္ချိုဇာစကားပုံ တစ်အုပ်လုံး ခြုံကြည့်ပါက မှတ်သားထိုက်၊ မှတ်သားအပ်သော စကားပုံများ အများအပြားပါရှိသည် နှင့်အမျှ ဥပမာ၊ ဥပမေယျ မဟပ်လှသည့် စကားပုံများ၊ အုတ်ဖိုဆရာ တော်ကြီးနှင့် ဒွါရဂိုဏ်းကို ပုတ်ခတ်ထားသည့် စကားပုံများ၊ ပြည်ထောင် စုစိတ်ဓာတ်ကို ထိခိုက်စေနိုင်သော ပြည်ထောင်စုခေတ်နှင့် မလျော် တတ်သည့်စကားပုံများ အများအပြား ပါရှိနေသည်ကိုလည်း တွေ့ရှိ ရပေ၏။ ။

mgyoe.com

✦✦✦

mgyoe.com

# အခုတ်ပိုဆရာတော်

သာရဝေါရထားသည် သာရဝေါဘူတာသို့ ရှေးရှုခုတ်မောင်းနေလေ၏။ မိနစ်အနည်းငယ်တွင် သာရဝေါဘူတာသို့ ဆိုက်တော့မည်။ ခရီးသည်တို့သည် တောင်မြောက်လေးပါးကို ငေးမျှော်ကြည့်ရှုနေကြသည်။ ခရီးသည်တို့၏ မျက်စိအာရုံသည် မီးရထားလမ်းမှ မြောက်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသော သာယာကြည်နူးဖွယ် ရှုခင်းတစ်ခုဆီသို့ ရောက်သွားကြသည်။ ယင်းရှုခင်းမှာ စိမ်းမြသော သစ်ပင်တောတန်းထဲမှ ထိုးထွက်နေသော ဖွေးဖွေးဖြူနေသည့် စေတီပုထိုးကြီးနှင့် မားမားမတ်မတ်ရပ်တည်နေသည့် ကျောက်စာတိုင်ကြီး ဖြစ်လေသည်။ အနီးတွင် ဝိုင်းရံနေသော ပြာသာဒ်တန်ဆောင်း ကျောင်းအဆောက်အဦတို့က စေတီတော်နှင့် ကျောက်စာတိုင်၏ အသရေကို တိုးမြှင့်ပေးနေကြလေသည်။

သာမန်အားဖြင့်ကြည့်လျှင် ထိုရှုခင်းသည် မြန်မာပြည်အနှံ့အပြားတွင် မြင်ရတတ်သည့် 'ရွာဦးကျောင်း စေတီပုထိုး' ရှုခင်းမျိုးမျှသာ ဖြစ်သည်။ သို့ရာတွင် ထိုရှုခင်းသည် ယင်းသာမန်အဓိပ္ပာယ်ထက် ကျော်လွန်၍ ဝိသေသအဓိပ္ပာယ်ကို ဆောင်နေသည်။ ထိုရှုခင်းသည် မြန်မာပြည် သာသနာ့သမိုင်း၌ မှတ်တိုင်ကြီးတစ်ခု ဖြစ်နေသည်။ အကြောင်း

mgyoe.com

mgyoe.com


သော်ကား မြန်မာပြည်သာသနာ၌ ဒွါရဂိုဏ်းဟု ထင်ရှားကျော်ကြားသည့် ဂိုဏ်းဂဏကြီး၏ ဦးစီးဦးကိုင် အုတ်ဖိုဆရာတော်ဘုရားကြီးသည် 'ရွာကလေး' အမည်ရှိ ထိုရပ်၊ ထိုရွာ၊ ထိုနေရာ၌ မွေးဖွားခဲ့သောကြောင့်တည်း။ ထိုရပ်၊ ထိုရွာ၊ ထိုနေရာ၌ ရဟန်းဘဝသို့ ရောက်ခဲ့သောကြောင့်တည်း။ ထိုရပ်၊ ထိုရွာ၊ ထိုနေရာ၌ သိတင်းသုံးခဲ့သောကြောင့်တည်း။ ထိုရပ်၊ ထိုရွာ၊ ထိုနေရာ၌ ပျံလွန်တော်မူခဲ့သောကြောင့်တည်း။ ဒွါရဂိုဏ်းကြီးကို စတင်တည်ထောင်ခဲ့သူ အုတ်ဖိုဆရာတော်ကြီး လူ့ဘဝသို့ရောက်ရာ၊ ရဟန်းဘဝသို့ရောက်ရာ၊ သိတင်းသုံးနေထိုင်ခဲ့ရာ၊ ဘဝနတ်ထံပျံလွန်တော်မူရာ ရွာကလေးရွာ၌ အထိမ်းအမှတ်အဖြစ်ဖြင့် ကိုးကွယ်တည်ထောင်ထားသော စေတီပုထိုးများ ဖြစ်လေသည်။ ထိုရွာကလေးရွာကား သာရဝေါမြောက်ဘက် မလှမ်းမကမ်းတွင် ရှိလေ၏။

အုတ်ဖိုဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၁၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၌ ဖွားမြင်လေသည်။ ငယ်မည်မှာ မောင်ညွှင်းဖြစ်၏။ အရွယ်ရောက်သောအခါ ဦးဇော်ဂျီအမည်ရှိဆရာတော်၏အထံ၌ စာပေကျမ်းဂန် သင်ကြားဆည်းပူးလေ၏။ ထိုဆရာတော်၏အထံ၌ပင် ရှင်သာမဏေဝတ်သည်။ ရှင်သာမဏေ၏အမည်မှာ ရှင်ဥက္ကံဝံသမာလာ ဖြစ်၏။ အုတ်ဖိုဆရာတော်သည် ပျို့မျစ်နုနယ် ရှင်သာမဏေအရွယ်ကပင် စာပေနှင့်ပတ်သက်သည့် အစွမ်းအစကို စတင်ပြခဲ့လေသည်။ မောင်ရန်အောင်၊ မမင်းလှတို့က သားဦးပဉ္စင်းမောင်ရိပ်သို့ပေး 'မွှန်တိ မွှန်စ' အစချီသော မေတ္တာစာမှာ ဆရာတော်ကြီးသာမဏေဘဝကရေးသော မေတ္တာစာဖြစ်လေ၏။ ထိုမေတ္တာစာကိုကြည့်လျှင် ဆရာတော်ကြီးသည် ငယ်ရွယ်စဉ်အခါကပင် စာပေပရိယတ်အသိဉာဏ် ကြွယ်ဝနေပြီဖြစ်ကြောင်း သိသာလေ၏။ ထိုမေတ္တာစာသည် နေရှင်နယ် ဦးမြင့်ထုတ်ဝေသည့် 'ကဝိမနော နုရဉ္ဇနာ မေတ္တာစာ' အမည်ရှိ အုတ်ဖိုဆရာတော်၏ မေတ္တာစာပေါင်းချုပ်တွင် ပါရှိလေသည်။

mgyoe.com

mgyoe.com

အရွယ်ရောက်သောအခါ၌ မန်ကျည်းတောဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံလေသည်။ ရဟန်းဘဝသို့ ရောက်သောအခါ အမရပူရမြို့၊ ဗားကရာဆရာတော်၊ ဗန်းမော်ဆရာတော်၊ မြသိန်းတန် ဆရာတော်၊ ထူပါရုံဆရာတော်တို့၏အထံ၌ စာပေပရိယတ် သင်ကြား ဆည်းပူးနေသည်။ ဗားကရာကျောင်းတိုက်၌ ပိဋကတ်စာပေကို သင်ကြား ဆည်းပူးနေစဉ် ဟိန္ဒူဗြာဟ္မဏကြီးတစ်ဦးထံမှလည်း သသ်ကရိုက် ဘာသာကို သင်ကြားတော်မူသည်။ မြသိန်းတန်ဆရာတော်ထံ၌ ပညာ သင်ကြားနေစဉ် မြသိန်းတန်ဆရာတော်က တိုက်တွန်းသဖြင့် 'နိယာမ သာရဒီပနီ' အမည်ရှိ သဒ္ဒါနှင့်ပတ်သက်သော ကျမ်းတစ်ကျမ်း ရေးသား ပြုစုတော်မူ၏။

အုတ်ဖိုဆရာတော်သည် ဂုဏ်ပကာသနကို မမက်မောပေ။ မင်းစိုးရာဇာများနှင့်လည်း အကျွမ်းတဝင် မဖြစ်လိုပေ။ သက္ကရာဇ် ၁၂၀၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်နေ့၌ ခမည်းတော်ကုန်းဘောင် မင်းတရားကြီး နတ်ရွာပံကံတော်ကုန်ပြီး သားတော် ပုဂံမင်းသားကြီး နန်းတက်လေ၏။ ပုဂံမင်းသည် သာသနာပိုင် ဗားကရာဆရာတော်အား တံဆိပ်နာမံနှင့် ဘုရန်ကျောင်းများကို ဆက်ကပ်လှူဒါန်းလိုပါ၍ အရည် အချင်းပြည့်ဝသည့် တပည့်ရှစ်ပါး၏အမည်စာရင်းကို ပေးသနားတော် မူပါဟု လျှောက်ထားလေ၏။ ဗားကရာဆရာတော်က အုတ်ဖိုဆရာ တော်ကိုလည်း လက်ရွေးစင်တပည့်ရှစ်ပါးစာရင်းတွင် ထည့်သွင်းလိုက် လေသည်။ ထိုအခါ အုတ်ဖိုဆရာတော်သည် မင်းဆရာ မဖြစ်လို၍ အခြားပုဂ္ဂိုလ်တစ်ဦးအား မိမိအစား ထည့်သွင်းစေပြီးလျှင် ဗားကရာ ဆရာတော်ကြီး၏ထံပါးမှ ခွာသွားလေသည်။

မြသိန်းတန်ဆရာတော်ဘုရားကြီး၏ အထံ၌ သီတင်းသုံးနေ စဉ်တွင်လည်း မင်းတုန်းမင်းသားကြီး၏ ရှေ့မှောက်သို့ ကြွရောက်ရန်

mgyoe.com

mgyoe.com


ငြင်းပယ်ခဲ့ဖူးသည်။' မင်းတုန်းမင်းသားကြီးသည် ခမည်းတော်မင်းတရားကြီး နာမကျန်းဖြစ်နေတော်မူသည့်အချိန်မှစ၍ နောင်တော်မင်းတရားကြီးလက်ထက်တိုင်အောင် သာသနာရေး၊ တိုင်းရေးပြည်ရေးများကို စီမံခန့်ခွဲတော်မူရသည်။ မြသိန်းတန် ဆရာတော်ဘုရားကြီးက မင်းတုန်းမင်းသားအား တပည့်ဖြစ်သူ အရှင်ဥက္ကံဝံသ၏ အရည်အချင်းကို စကားအလျဉ်းသင့်၍ မိန့်ကြားတော်မူရာ မင်းတုန်းမင်းသားကြီးက အရှင်ဥက္ကံဝံသအား ကြည်ညိုသွားပြီး နောက်တစ်ခါအိမ်တော်သို့ ကြွပါလျှင် အရှင်ဥက္ကံဝံသကိုပါ ခေါ်တော်မူခဲ့ပါဟု လျှောက်ထားလေ၏။ နောက်တစ်ကြိမ် မြသိန်းတန်ဆရာတော်ကြီး အိမ်တော်သို့ ကြွတော်မူသောအခါ ဆရာတော်ကြီးက အရှင်ဥက္ကံဝံသကို မင်းတုန်းမင်းသားကြီးရှေ့မှောက်သို့ သူနှင့်လိုက်ခဲ့ရန်ခေါ်လေသည်။ ရှင်ဥက္ကံဝံသက စာကြည့်ပျက်သည်ဆိုပြီး လိုက်မသွားပေ။ နန်းတက်ပြီးသောအခါ၌လည်း မင်းတုန်းဘုရင်သည် အုတ်ဖိုဆရာတော်ကိုပင့်ရန် တစ်ဖန်ကြိုးစားပြန်သေးသည်။ ထိုအကြိမ်၌မူ အုတ်ဖိုဆရာတော်သည် အောက်ပြည်၊ အောက်ရွာသို့ ရောက်ရှိနေပြီဖြစ်၏။ မင်းတုန်းဘုရင်သည် ရွှေကျင်ဆရာတော်အား အုတ်ဖိုဆရာတော်ကို ပင့်ဖိတ်ရမည်၊ မရမည်ကို တီးခေါက်ကြည့်ရန် လျှောက်ထားလေ၏။ ရွှေကျင်ဆရာတော်သည် အောက်ပြည်သို့ ကြွလာခိုက် အုတ်ဖိုဆရာတော်အား မင်းတုန်းမင်း၏ စိတ်ဆန္ဒကို ပြောပြလေသည်။ ထိုအကြိမ်တွင်လည်း အုတ်ဖိုဆရာတော်ကြီးသည် ဘုရင့်ထံမှောက်ကြွရောက်ရန် ငြင်းဆန်လိုက်လေသည်။

အုတ်ဖိုဆရာတော်သည် အထက်အညာတွင် ပညာသင်ကြားဆည်းပူးနေစဉ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကြ၏။ အုတ်ဖိုဆရာတော်သည် ဒွါရဂိုဏ်း၏ အကြီးအမှူးဖြစ်သကဲ့သို့ ရွှေကျင်ဆရာတော်သည် ရွှေကျင်ဂိုဏ်း၏ ရှေ့သွားခေါင်းဆောင်ဖြစ်သည်။ အုတ်ဖိုဆရာတော်က

mgyoe.com

mgyoe.com

ရွှေကျင်ဆရာတော်ထက် ငါးဝါမျှသာ ကြီး၏။ သို့ရာတွင် ရွှေကျင်ဆရာတော်သည် အုတ်ဖိုဆရာတော်အား အထူးပင် ရိုသေလေးစားလေ၏။ အုတ်ဖိုဆရာတော် အောက်ရပ်၊ အောက်ရွာသို့ကြွ၍ သီတင်းသုံးတော်မူသည့်အခါတွင်လည်း ရွှေကျင်ဆရာတော်နှင့်တစ်ဖန် တွေ့ဆုံကြသေးသည်။ ဂိုဏ်းဆရာနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး မေတ္တာစာများ ပေးပို့ကြ၏။ ထိုမေတ္တာစာများကား ကံ–ဒွါရပြဿနာနှင့် ပတ်သက်လေသည်။

အုတ်ဖိုဆရာတော်သည် သက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် အောက်ပြည်အောက်ရွာသို့ ပြန်ကြွလာပြီးလျှင် မိမိ၏ဇာတိရပ်ရွာ၌ သီတင်းသုံးနေတော်မူ၏။ ထို့နောက် တစ်နှစ်အကြာတွင်ပင် အုတ်ဖိုမြို့(ယခု အင်္ဂပူမြို့)သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူသည်။ အုတ်ဖိုတွင် သီတင်းသုံးနေထိုင်သောကြောင့် အုတ်ဖိုဆရာတော်ဟု တွင်ခြင်းဖြစ်သည်။ ဒွါရဂိုဏ်းဟူ၍ သီးခြားဂိုဏ်းဖြစ်ပေါ်လာသည်မှာလည်း အုတ်ဖိုဆရာတော် အုတ်ဖိုမြို့၌ သီတင်းသုံးနေခိုက်ဖြစ်သည်။ အုတ်ဖိုဆရာတော်သည် ရတနာသုံးပါးကို ရှိခိုးကန်တော့သောအခါ 'ကာယကံ၊ ဝစီကံ၊ မနောကံ' ဟူ၍ ကံဖြင့်ရှိမခိုးဘဲ 'ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ' ဟူ၍ ဒွါရဖြင့်ရှိခိုးရမည်ဟူ၍ ကျမ်းဂန်အထောက်အထားဖြင့် ညွှန်ကြားတော်မူလိုက်၏။ ထိုအချိန်မှစ၍ ဒွါရဖြင့်ရှိခိုးသော ဂိုဏ်းသည် ဒွါရဝါဒီဂိုဏ်းဟူ၍ အမည်တွင်လာလေသည်။ အုတ်ဖိုဆရာတော်က ဒွါရဖြင့် ရှိခိုးရမည်ဟူ၍ ဆုံးဖြတ်လိုက်သောအခါ ဘာသာရေးလောက၌ အတော်ဂယက်ရိုက်သွားလေ၏။ ဒွါရနှင့်ရှိခိုးသောဂိုဏ်းနှင့် ကံနှင့်ရှိခိုးသောဂိုဏ်းတို့သည် တစ်ဖက်နှင့်တစ်ဖက် သူမှန်သည်၊ ငါမှန်သည်ဟူ၍ အငြင်းအခုံဖြစ်ပွားကြလေ၏။ ကံဘက်မှဦးဆောင်၍ အုတ်ဖိုဆရာတော်၏ အယူအဆကို ပြန်လှန်ချေပသူမှာ ကျီးသဲလေးထပ်ဆရာတော်ဖြစ်သည်။ ကံ–ဒွါရပြဿနာသည် ၁၂၂၄ ခုနှစ်တွင် မန္တလေး သုဓမ္မာဆရာတော်

mgyoe.com

mgyoe.com


ကြီးများထံသို့ပင် ရောက်ရှိသွား၏။ သုဓမ္မာဆရာတော်ကြီးများ၏ ကိုယ်စားမောင်းထောင်ဆရာတော်က ကံ၊ ဒွါရ နှစ်မျိုးစလုံးပင် သင့်၏ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုအခါ အုတ်ဖိုဆရာတော်ကြီးက ပရပ္ပဝါဒ နိမဒ္ဒနကထာ မေတ္တာစာဖြင့် မောင်းထောင်ဆရာတော်အား သတိပေး လိုက်လေသည်။ နောက်ပိုင်းတွင် သင်္ဂဇာဆရာတော်လည်း ဒွါရဝါဒီ ဂိုဏ်းကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သည့် ဆရာတော်တစ်ပါးဖြစ်လာ လေ၏။ မုံရွာမြို့ လယ်တီဆရာတော်ဘုရားလည်း ကံဘက်မှလိုက်၍ ကံ–ဒွါရ အဆုံးအဖြတ်စာတမ်းတစ်စောင် ရေးလေသည်။

အုတ်ဖိုဆရာတော်နှင့် ကျီးသဲလေးထပ်ဆရာတော်တို့သည် အုတ်ဖိုမြို့၌ဆုံကြ၏။ ကျီးသဲလေးထပ်ဆရာတော်က သူရေးသားသည့် ကျမ်းစာများကို အုတ်ဖိုဆရာတော်အား ပြလေသည်။ ဇိနတ္ထပကာသနီ ကျမ်းကိုပြသောအခါ အုတ်ဖိုဆရာတော်က "ကိုယ်တော့်စာကို ဘိုးသူတော်တို့ မယ်သီလတို့ ဆန်ခံတဲ့အခါ ဟောပြောရအောင် ကြည့်ရှု ပါလိမ့်မည်" ဟု အမိန့်ရှိလိုက်သည်ဟု သိရသည်။ ဆရာတော်ကြီးသည် ဇိနတ္ထပကာသနီကို လေးလေးနက်နက်မရှိဟုယူဆပြီး ယင်းကဲ့သို့ အမိန့်ရှိလိုက်ဟန်တူသည်။ ပေါ့ပါးသော၊ နားလည်လွယ်သော ကျမ်း ဖြစ်ခြင်းကြောင့်လည်း ဇိနတ္ထပကာသနီသည် လူထုအတွင်းသို့ ယခု လောက် ထွင်းဖောက်ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

အယူအဆသစ်ကို တီထွင်ကြံဆသူများသည် ဘေးအန္တရာယ် နှင့်မကင်းပေ။ ထိုပုဂ္ဂိုလ်များ၏ အယူအဆကို ချေဖျက်နှိမ်နင်းပစ်ရန် အတွက် ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များက ဉာဏ်အားကို အသုံးမပြုနိုင်သော အခါ လက်နက်အားကို အသုံးပြုလာတတ်ကြသည်။ အုတ်ဖိုဆရာ တော်ကြီးသည် ထိုကဲ့သို့သော ဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရဖူးလေ သည်။ တစ်ခါက လေးမျက်နှာမြို့သို့ ကြွရောက်ခိုက်တွင် ဆန့်ကျင်ဘက်

mgyoe.com

mgyoe.com


ပုဂ္ဂိုလ်များက အကြမ်းဖက်ပြီး ဆရာတော်ကြီးအား ရိုက်နှက်ကြလေ၏။ ဆရာတော်ကြီး၏ တပည့်ရဟန်းများက ရဲရဲဝံ့ဝံ့ ခုခံကာကွယ်သဖြင့်သာ ဆရာတော်ကြီးသည် ထိုဘေးအန္တရာယ်က လွတ်မြောက်သွားခဲ့ခြင်း ဖြစ်လေသည်။

အုတ်ဖိုဆရာတော်သည် ၁၂၄၂ ခုနှစ်၊ တပို့တွဲလတွင် အိန္ဒိယပြည်၊ ဗုဒ္ဓဂယာသို့ ဘုရားဖူးကြွရောက်တော်မူ၏။ မဟာဗောဓိကို ရှိခိုးပူဇော်ကြောင်း အထိမ်းအမှတ်ဖြင့် ဗောဓိသျှောင်ရတုကို ရေးသားသည်။ ၁၂၄၉ ခုနှစ်၊ တပို့တွဲလတွင် သီဟိုဠ်ကျွန်းသို့ ကြွရောက်သည်။ သီဟိုဠ်ကျွန်းရှိ စွယ်တော်မြတ်ကို ဖူးမျှော်သည့် အထိမ်းအမှတ်ဖြင့် စွယ်တော်သျှောင်ရတုကို ရေးသားသည်။

အုတ်ဖိုဆရာတော်သည် မြန်မာကဗျာလင်္ကာ ရေးသားဖွဲ့ဆိုရာ၌လည်း နိုင်နင်းကျွမ်းကျင်လှသည်။ သူ ရေးသားဖွဲ့နွဲ့သွားခဲ့သော ရတုကဗျာနှင့် လင်္ကာအဖွဲ့တို့ကိုကြည့်လျှင် ဆရာတော်ကြီး၏ အဖွဲ့အနွဲ့များမှာ မြန်မာကဗျာ စာပေလောက၌ မသေးငယ်သည့်နေရာကို ရရှိနိုင်သည့် ကဗျာအဖွဲ့အနွဲ့များဖြစ်ကြောင်း သိသာထင်ရှားပေ၏။ ဆရာတော်ကြီး၏ ပရိတ်မွှန်းများမှာ အဖွဲ့အနွဲ့တွင် ထင်ရှားကျော်ကြားလှ၏။ ဆရာတော်ကြီးသည် 'အတိစိတြ ဂမ္ဘီရတ္တာဓမ္မပရိတ်အမျိုးမျိုး' အမည်ဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သာယာနာပျော်ဖွယ် ရွတ်ဆိုရန် သုတ်အမျိုးမျိုးတို့၏ အနက်အမွှန်းကို မြန်မာအဖွဲ့ဖြင့် ရေးသားစီကုံးထားလေသည်။ ဆရာတော်၏ ပရိတ်အမွှန်းများမှာ အမှန်စင်စစ်အားဖြင့် ယခုခေတ်စကားလုံးဖြင့် ပြောရလျှင် ပရိတ်မိတ်ဆက်ပင် ဖြစ်လေ၏။ ပရိတ်များ၊ သုတ်များကို ရွတ်ဖတ်သူ၊ သင်အံလေ့ကျင့်သူနှင့် ရင်းနှီးအောင် မိတ်ဆက်ပေးထားခြင်း ဖြစ်လေသည်။

ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယအဓိပတိ ဝိသုဒ္ဓါရုံ ဆရာတော်က

mgyoe.com

mgyoe.com


လယ်တီပဏ္ဍိတထံ ပါဠိဂါထာတစ်ပုဒ် ရေးသားပေးပို့ဖူးသည်။ ထိုပါဠိဂါထာ၏အဓိပ္ပာယ်မှာ 'ဒွါရဂိုဏ်းဝင် ရဟန်းသံဃာများသည် တေးပရိတ်ကြောင့် ပျက်စီးကြသည့်နည်းတူ သင်တို့သည်လည်း မိန်းမပျိုများနှင့် ပူးတွဲပူးတွဲ လုပ်နေကြသဖြင့် ပျက်စီးကုန်လိမ့်မည်' ဟူ၍ဖြစ်၏။ လယ်တီဆရာတော်သည် ဗုဒ္ဓအဘိဓမ္မာ သို့မဟုတ် သင်္ဂြိုဟ်ကို လူပြိန်းများကျက်မှတ်လေ့လာစေရန် သံခိပ်သံပေါက်များကို ရေးသားသည်။ အုတ်ဖိုဆရာတော်သည် ပရိတ်များ၊ သုတ္တန်ဒေသနာများကို ဗုဒ္ဓဘာသာဝင်များစိတ်ပါဝင်စားလာအောင် ပရိတ်အမွှန်းများကို ရေးသားသည်။ လယ်တီဆရာတော်၏ သံခိပ်ကြောင့် သံခိပ်အသင်းများ ပေါ်လာကြ၏။ အုတ်ဖိုဆရာတော်၏ ပရိတ်မွှန်းကြောင့် ပရိတ်သင်းများ ပေါ်လာကြ၏။

ဝိသုဒ္ဓါရုံဆရာတော်က 'သံခိပ်' နှင့် 'ပရိတ်' နှစ်ခုစလုံးကို အပြစ်ဖို့လိုက်ခြင်း ဖြစ်လေသည်။ စင်စစ်ကား လယ်တီဆရာတော်၏ သံခိပ်သည် ဗုဒ္ဓအဘိဓမ္မ သို့မဟုတ် သင်္ဂြိုဟ်ကို ပြည်သူလူထုအတွင်းသို့ ပို့ဆောင်နိုင်စွမ်းရှိသကဲ့သို့ အုတ်ဖိုဆရာတော်၏ ပရိတ်အမွှန်းများသည်လည်း သုတ္တန်ဒေသနာများ၊ ပရိတ်များကို ပြည်သူလူထုအတွင်းသို့ ပို့ဆောင်ရာ၌ အောင်မြင်မှုရရှိခဲ့လေသည်။

အုတ်ဖိုဆရာတော်သည် မှန်သည်ထင်လျှင် ရဲရဲဝံ့ဝံ့ ပြုလုပ်ဆောင်ရွက်ရဲသည်။ ၁၂၅၃ ခုနှစ်လောက်တွင် သူ၏ပြုမူချက်ကြောင့် ဘာသာရေးလောကတွင် ချောက်ချားသွားခဲ့လေ၏။ ထိုနှစ်တွင် ပြည်မြို့သို့ ကြွရောက်လာသည့်အခါ ဆရာတော်သည် ပြည်မြို့ ရွှေဆံတော်စေတီပေါ်သို့ အရှေ့စောင်းတန်းမှ ဖိနပ်စီးတက်သွားပြီး တံတိုင်းပြင်ဘက်နားရောက်မှ ဖိနပ်ချွတ်လျက် ပရိဝုဏ်အရာမ်အတွင်း ဝင်ရောက်လေသည်။ ထိုအခါ ဘုရားစောင်းတန်းတွင် ဖိနပ်စီးလေ့စီးထမရှိသော ဘာသာရေးလောကတစ်ခုလုံး ဆူပွက်လှုပ်ရှားသွားလေသည်။ ပဲခူးမြို့

mgyoe.com

mgyoe.com


သို့ရောက်သောအခါတွင်လည်း ထိုနည်းအတိုင်းပင် ရွှေမော်ဓောစေတီပေါ်သို့ဖိနပ်စီး၍ တက်လေသည်။ ရန်ကုန်မြို့သို့ ကြွရောက်လာသောအခါတွင်လည်း ရွှေတိဂုံစေတီတော်ကို စောင်းတန်းလှေကားမှ ဖိနပ်စီးတက်သွားပြီးလျှင် ပရိဝုဏ်အရာမ်တံတိုင်းနားသို့ရောက်မှ ဖိနပ်ချွတ်လေ၏။ ပရိဘောဂတိုက်အတွင်း ရောက်သောအခါလည်း အုတ်အင်္ဂတေက အေးသဖြင့် ဖိနပ်စီးနေလေသည်။

အုတ်ဖိုဆရာတော်၏ ယင်းအပြုအမူမှာ အစဉ်အလာကို တော်လှန်လိုက်ခြင်းဖြစ်၍ လူအတော်များများက ဝေဖန်ရှုတ်ချကြလေ၏။ ထိုအခါဆရာတော်က 'ဗုဒ္ဓသရိက္ခ' စာတမ်းနှင့် 'အမြဲတောဒက' စာတမ်းကို ရေးသားပြီးလျှင် ဖိနပ်စီးအပ်သည့် နေရာဌာနနှင့် ဖိနပ်မစီးအပ်သည့် နေရာဌာနများကို ကျမ်းဂန်အထောက်အထားဖြင့် ခွဲခြားပြဆိုလိုက်လေသည်။ စေတီရင်ပြင်၌သာ ဖိနပ်မစီးအပ်၊ စေတီ၏ပရိဝုဏ်အရာမ်အတွင်း၌ကား ဖိနပ်စီးကောင်း၏ဟူ၍ ဆုံးဖြတ်တော်မူလေ၏။ အုတ်ဖိုဆရာတော်၏ အဆုံးအဖြတ်ကို ဆန့်ကျင်ရေးသားသည့် စာအုပ်စာတမ်းများလည်း အများအပြား ထွက်ပေါ်လာလေသည်။ ယင်းစာအုပ်စာတမ်းများအနက် မြန်မာ့ပညာရှိ ဦးဘော ရေးသော 'စေတီယင်္ဂဏဝိနိစ္ဆယ'၊ အောင်မြေဘုံစံဆရာတော် ဦးစန္ဒိမာ ရေးသော 'သတ္တုဂုဂါရဝ'၊ ဦးပဒုမ ရေးသော 'စေတီယင်္ဂဏဒီပနီ' တို့မှာ ထင်ရှားပေ၏။ ဦးဘောသည် ကရဏာပျို့ကို ရေးသားသဖြင့် ဝေလမင်းသား ဆုငွေတစ်ထောင်ရရှိသည့် ကမ္ဘည်းကျော်စာ ရုံးစာရေးကြီးဖြစ်၏။ ဆရာတော် ဦးစန္ဒိမာသည် 'ဓမ္မပဒ' ဝတ္ထုတော်ကြီးကို ရေးသားစီရင်သူ ပုဂ္ဂိုလ်ဖြစ်၏။ ဦးပဒုမကား 'ပဒုမ တုပကာ နင်မယောင်နဲ့' စသည်ဖြင့် မန်လည်ဆရာတော်၏ စာအချိုးခံရသော ပုဂ္ဂိုလ်ဖြစ်၏။ အုတ်ဖိုဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၂၈၂ ခုနှစ်တွင် ထိုပြဿနာ တစ်ဖန် ပြန်ပေါ်လာသည်။ ထိုနှစ်၌ မုံရွာမြို့ လယ်တီဆရာတော်က 'အရိုးကျစေတီ ယင်္ဂဏဝိနိစ္ဆယ

mgyoe.com

mgyoe.com


ကျမ်း' ကိုရေးသား၍ ခုတ်ဖိုဆရာတော်၏ အယူအဆကို ဆန့်ကျင်လိုက်လေသည်။ အချို့သောပုဂ္ဂိုလ်တို့က ထိုကျမ်းသည် လယ်တီဆရာတော်ကိုယ်တိုင်ရေးသော ကျမ်းမဟုတ်ဟု အယူရှိကြ၏။

ခုတ်ဖိုဆရာတော်ကြီးသည် ဒွါရဂိုဏ်းကြီး၏ အမှူးအချုပ်အဖြစ်ဖြင့် ၅၄ နှစ်တိုင်တိုင် သာသနာပြုတော်မူပြီးလျှင် ၁၂၆၇ ခုနှစ်၊ တပေါင်းလဆုတ် ၂ ရက်နေ့တွင် သက်တော် ၈၉ နှစ်အရွယ်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်။ ဆရာတော်ကြီး ရေးသားစီရင်ခဲ့သော ကျမ်းများကား စာရင်းအရ တစ်ရာကျော်၏။

ဒွါရဂိုဏ်းကြီး ၁၂၁၇ ခုနှစ်က စတင်တည်ထောင်သည်ဖြစ်ရာ ၁၃၁၇ ခုနှစ်တွင် အနှစ်တစ်ရာပြည့်၏။ ထိုနှစ်၊ တပို့တွဲလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်နေ့များ၌ ဒွါရဂိုဏ်းကြီး၏ ဗဟိုချက်မ ဖြစ်သော ရွာကလေးရွာ၌ ရာပြည့်နှစ်အထိမ်းအမှတ်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပလေသည်။ ထိုအထိမ်းအမှတ်သို့ မြန်မာနိုင်ငံမှ ဦးဘဦး တက်ရောက်၏။

**မှီငြမ်းပြုသည့် စာအုပ်များ**

| | |
|---|---|
| ၁။ မဟာဒွါရနိကာယ ဒီပနီ | သပြေပင်ဆရာတော် ဦးသောသန၊ |
| ၂။ ခုတ်ဖိုရ်၊ ကထေရုပ္ပတ္တိ | သပြေပင်ဆရာတော် ဦးသောသန၊ |
| ၃။ အင်္ဂပူမဟာထေရုပ္ပတ္တိ | ကန်တွင်းဆရာတော်၊ |
| ၄။ ဗုဒ္ဓသရက္ခကျမ်း | ခုတ်ဖိုဆရာတော်၊ |
| ၅။ အမြိတောဒကကျမ်း | ခုတ်ဖိုဆရာတော်၊ |
| ၆။ ကဝိနေဘနူရဉ္ဇနာ မေတ္တာစာ | ခုတ်ဖိုဆရာတော်၊ |
| ၇။ အတိစိတြံရဂမ္ဘိရတ္တပရိတ်အမျိုးမျိုး | ခုတ်ဖိုဆရာတော်၊ |
| ၈။ ဒွါရဝါဒီနှစ်တစ်ရာ | မဟာသဘင်မော်ကွန်း၊ |

✦✦✦

mgyoe.com

mgyoe.com

# ကျီးသဲလေးထပ် ဆရာတော်

ညင်သာသော လေပြည်လေးသည် ဣန္ဒြေရနေသည့် ပိန်းအင်းကြီး၏ရေပြင်ကို လှိုင်းကလေးများထအောင် ဖန်တီးနေလေသည်။ အင်းကြီးထဲတွင် ပွင့်ဖူးဝေဆာနေသည့် ကြာဖြူ၊ ကြာညိုတို့သည် လှိုင်းကလေးများပေါ်တွင် အငြိမ့်စီးနေကြသည်။ တောက်ပသော နေရောင်ခြည်သည် စိမ်းလဲ့ကြည်လင်နေသည့် ရေပြင်ပေါ်တွင် ဖြာကျနေသည်။ ကျေးငှက်မျိုးစုံတို့၏ တွန်ကျူးသံတို့သည် သာယာအေးချမ်းလှသည့် ပိန်းအင်းကြီး၏ ပတ်ဝန်းကျင်ကို ပိုမို၍သာယာအောင် ပြုမူနေကြသည်။ အနီးရှိ သစ်နီတောကျောင်းတိုက်နှင့် အင်းကြီး၏ကမ်းနှစ်ဖက်ရှိ ဝဘုရားနှင့် ရွှေမြင်တင်ဘုရားနှစ်ဆူတို့သည် ပိန်းအင်းကြီး၏ ပတ်ဝန်းကျင်ကို လောကုတ္တရာအရိပ် ပေးနေလေသည်။

ပိန်းအင်းကြီးကိုဖြတ်၍ ဝဘုရားကုန်းတော်နှင့် ရွှေမြင်တင်ဘုရားကုန်းတော်ကို ဆက်သွယ်ထားသော တိုင်တစ်ရာတံတားကြီးပေါ်၌ ဆရာတော်ကြီးတစ်ပါးသည် ၁၆ နှစ်အရွယ်ရှိ တပည့်သာမဏေငယ်နှင့်အတူ လမ်းလျှောက်နေလေ၏။ သာယာကြည်နူးဖွယ် ကဗျာပတ်ဝန်းကျင်သည် စာဆိုသာမဏေ၏နှလုံးကို မြှူဆွနေလေသည်။ ဆရာဖြစ်သူ ဘုန်းတော်ကြီးသည် တပည့် သာမဏေ၏အကဲကို ခတ်မိလေသည်။

mgyoe.com